# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြ အဖြေများ

## အုပ်စု(၅).အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်း



📖၁။ဧကက.ဒုက.တိက.စတုက္ကနိပါတ📖

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍

CamScanner

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ဧကက+ဒုက+တိက+စတုက္ကနိပါတ
# ပါဠိတော် မြန်မာပြန် မေးခွန်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••

၁။ မိန်းမတစ်ယောက်၏ စိတ်ကိုဆွဲဆောင်နိုင်သော ယောက်ျားများ၏ ဆွဲဆောင်မှု (၅) မျိုးတို့ကို ဖော်ပြ၍၊ ဧကကနိပါတ် ကလျာဏမိတ္တာဒိဝဂ္ဂလာ ဆုတ်ယုတ်ခြင်း (၄) မျိုး နှင့် ယုတ်နိမ့်ဆုံးသော ဆုတ်ယုတ်မှုကိုလည်း ဖော်ပြခဲ့ပါ။

၂။ သံဃာနုဿတိပွားများခြင်းကြောင့် ရရှိနိုင်သောအကျိုးအာနိသင် (၇) မျိုးကို ပွားလိုစိတ်များဖြစ်ပေါ်လာအောင် ရေးသားပြ၍၊ ပဥ္စာနန္တရိယ ကံငါးပါးထက် အပြစ်ကြီးသော တရားကိုလည်း ရေးသားခဲ့ပါ။

၃။ "မိဘကျေးဇူး ပေးဆပ်လို့မကုန်"ဟု ဆိုသော်လည်း ကုန်အောင်ပေးဆပ်နိုင်သော မိဘကျေးဇူးဆပ်နည်းကို ဗုဒ္ဓအလိုတော်ကျဖော်ပြ၍၊ မင်း, ပုဏ္ဏား, သူကြွယ်များအချင်းချင်း ငြင်းခုံရခြင်းအကြောင်းကိုလည်း ဖော်ညွှန်းခဲ့ပါ။

၄။ "ချစ်လို့မခွါ ကိန္နရီ ကိန္နရာ" စကားအရ ချစ်လှစွာသော ကိန္နရီ၊ ကိန္နရာများ လူစကားပြော/မပြော၊ အကြောင်းပြချက် ခိုင်လုံစွာဖြင့် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခဲ့ပါ။

၅။ ဘုရားလက်ထက်တော်ဝယ် သဒ္ဓါတရားရှိသူတို့တွင် 'စံပြ' ဖြစ်ထိုက်သော လူ ပုဂ္ဂိုလ်များကိုသာ အပိုအလိုမရှိ ဖော်ပြ၍၊ ဗုဒ္ဓဟောကြားလက်ဆောင် (၂) ပါး ကို ဒုကနိပါတ်လာသည့်အတိုင်း ရေးသားကာ၊ "အကောင်းဆုံး လက်ဆောင်"ကိုလည်း ဖော်ပြခဲ့ပါ။

၆။ မကြာမီကာလအတွင်း စည်းစိမ်ဥစ္စာများ တိုးပွားလာနိုင်သော ဈေးသည်၏ ပြည့်စုံရမည့် အင်္ဂါအချက်အလက်တို့ကို ဖော်ပြ၍၊ ပထမအင်္ဂါ၏ အကျယ်အဓိပ္ပာယ်နှင့်၊ "မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဟူသော စကားပုံအရ ပျားသကာကဲ့သို့ ချိုမြသော စကားအမျိုးအစားကိုလည်း ကျမ်းစာလာသည့်အတိုင်း ဖော်ပြခဲ့ပါ။

၇။ ချည်မျှင်တို့ဖြင့်ယက်လုပ်ထားသော အဝတ်အထည်တို့တွင် အယုတ်ညံ့ဆုံးသော အဝတ်အထည်ကို တိကနိပါတ် ယောဓာဇီဝဝဂ်လာသည့်အတိုင်း အကြောင်းပြဖော်ပြ၍၊ "ကောင်းသောနံနက်ခင်း" ဖြစ်ကြောင်း လောကလူသားတို့ မည်သို့ကျင့်သုံးရမည်ကိုလည်း တိကနိပါတ်, မင်္ဂလဝဂ်လာသည့်အတိုင်း တင်ပြခဲ့ပါ။

၈။ ဆွမ်းညွန်ကြားသော ဘတ္တုဒ္ဒေသကရဟန်း တစ်ပါး၏ နတ်ပြည်ရောက်နိုင်သော အင်္ဂါ (၄)ပါးနှင့် လ, နေ တို့၏ ညစ်နွမ်းကြောင်းတရား (၄)ပါးကို စတုက္ကနိပါတ် ပဌမပဏ္ဏာသကလာသည့်အတိုင်း တင်ပြခဲ့ပါ။

၉။ မာတုဂါမများ ကမ္ဘောဇတိုင်းနိုင်ငံသို့ မသွားရောက်နိုင်ခြင်းအကြောင်းတို့ကို ဖော်ပြ၍၊ သဒ္ဓါတရားရှိသော အမျိုးကောင်းသား၏ ကြည့်ရှုဖူးမျှော်ထိုက်သော "သံဝေဇနီယ (၄) ဌာန" ကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ "နာမည်ကြီး မလ္လိကာမိဖုရားကြီးသည် အလွန်ပင် လှပတင့်တယ်ပါပေ၏"ဟူသော စကား မှန်ကန်မှု ရှိ/မရှိ သူ၏ အတိတ်ရှေးကံ အကြောင်းပြချက်များဖြင့် စိစစ်ဝေဖန်ဆုံးဖြတ်ပြခဲ့ပါ။

တစ်ပုစ္ဆာလျှင် (၁၀) မှတ်စီ

CS CamScanner

ဒေါက်တာခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

# ရန်ကုန်တိုင်းဒေသကြီး
# ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ
# ဧကက+ဒုက+တိက+စတုက္ကနိပါတ
# ပါဠိတော် မြန်မာပြန် အဖြေမှန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်၊ (၁၈. ၆. ၂၀၁၃) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ ယောက်ျားများ၏ ဆွဲဆောင်မှု (၅) မျိုးကား-

(က) ယောက်ျား၏အဆင်း
(ခ) ယောက်ျား၏အသံ
(ဂ) ယောက်ျား၏အနံ့
(ဃ) ယောက်ျား၏အရသာ
(င) ယောက်ျား၏အတွေ့ (ပြန်၊နှာ-၂) (၁-မှတ်စီ) (၅-မှတ်)

ဆုတ်ယုတ်ခြင်း ၄-မျိုး

(က) ဆွေမျိုးတို့၏ ဆုတ်ယုတ်ခြင်း
(ခ) စည်းစိမ်ဥစ္စာ၏ ဆုတ်ယုတ်ခြင်း
(ဂ) အခြံအရံ၏ ဆုတ်ယုတ်ခြင်း
(ဃ) ပညာ၏ ဆုတ်ယုတ်ခြင်း (၁-မှတ်စီ) (၄-မှတ်)

ယုတ်နိမ့်ဆုံးသော ဆုတ်ယုတ်မှုကား-

ပညာ၏ ဆုတ်ယုတ်မှု (ပြန်၊နှာ-၁၈-၁၉) (၁-မှတ်)

၂။ အကျိုးအာနိသင် ၇-မျိုး

(က) ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း၊ (ခ) တပ်မက်မှု ကင်းခြင်း၊
(ဂ) ရာဂစသည်တို့ ချုပ်ခြင်း၊ (ဃ) ကိလေသာတို့ ငြိမ်းအေးခြင်း၊
(င) လက္ခဏာယာဉ်သို့ တင်၍ အထူးသိခြင်း၊ (စ) သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်း၊
(ဆ) နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။ (ပြန်၊နှာ၊၄၀) (၁-မှတ်စီ) (၇-မှတ်)

အပြစ်ကြီးသောတရား- မိစ္ဆာဒိဋ္ဌိ (ပြန်၊နှာ၊၄၄) (၃-မှတ်)

၃။ မိဘကျေးဇူးဆပ်နည်း-

သဒ္ဓါတရားမရှိသော အမိအဖတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံစေခြင်းငှာ၊ သီလမရှိသော အမိအဖတို့ကို သီလနှင့် ပြည့်စုံစေခြင်းငှာ၊ ဝန်တိုခြင်း မစ္ဆရိယရှိကုန်သော အမိအဖတို့ကို စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံစေခြင်းငှာ၊ ပညာမဲ့သော အမိအဖတို့ကို ပညာနှင့်ပြည့်စုံခြင်းငှာ ဆောက်တည်စေ၏၊ သက်ဝင်စေ၏၊ တည်စေ၏။

(ပြန်၊နှာ၊၇၅-၇၆) (၅-မှတ်)

ငြင်းခုံရခြင်းအကြောင်း-

ကာမရာဂသည် သက်ဝင်အပ်၊ နှောင်ဖွဲ့အပ်သည်ဖြစ်၍ ကာမရာဂ၌ ကျွံနစ်ကာ ကာမရာဂသည် ဖမ်းစားအပ် မျိုထားအပ်သောကြောင့်တည်း။ (ပြန်၊နှာ၊၇၉) (၅-မှတ်)

CS CamScanner

၄။ ကိန္နရီ ကိန္နရာများ လူ့စကား မပြောပါ (၄-မှတ်)

အကြောင်းကား- မဟုတ်မမှန်သော စကားကို ငါတို့ မပြော မဆိုမိကြပါစေကုန်လင့်၊ သူတစ်ပါးကိုလည်း မဟုတ်မမှန်သော စကားဖြင့် ငါတို့ မစွပ်စွဲမိကြပါစေကုန်လင့်ဟူသော အကြောင်းတို့ကြောင့်တည်း။

(ပြန်၊နှာ၊၉၁) (၆-မှတ်)

၅။ စံပြထိုက်သော လူပုဂ္ဂိုလ်များ-

(က) စိတ္တသူကြွယ်

(ခ) ဟတ္ထကဓေါ် အာဠဝကမင်းသား

(ဂ) ခုဇ္ဇုတ္တရာဥပါသိကာမ

(ဃ) နန္ဒမာတာ ဥပါသိကာမ (ပြန်၊နှာ၊၁၀၃) (၄-မှတ်)

လက်ဆောင် ၂-မျိုး

(က) ပစ္စည်းကို ပေးလှူခြင်း- အာမိသာတိထေယျ

(ခ) တရားကို ပေးလှူခြင်း- ဓမ္မာတိထေယျ (၂-မှတ်စီ) (၄-မှတ်)

အကောင်းဆုံးလက်ဆောင်- ဓမ္မာတိထေယျ (ပြန်၊နှာ၊၁၀၈) (၂-မှတ်)

၆။ ပြည့်စုံရမည့်အင်္ဂါချက်လက်

(က) မျက်စိအမြင်ရှိခြင်း

(ခ) ဉာဏ်နှင့်ယှဉ်သော ဝီရိယအထူးရှိခြင်း

(ဂ) အမှီကောင်းနှင့် ပြည့်စုံခြင်း (၁-မှတ်စီ) (၃-မှတ်)

ပဥ္စမအင်္ဂါ၏ အကျယ်အဓိပ္ပာယ်-

ဤလောက၌ ဈေးသည်သည် "ဤကုန်ပစ္စည်းကို ဤသို့ဝယ်၍ ဤသို့ရောင်းသော် အရင်းအနှီးကား ဤမျှလောက် ဖြစ်လတ္တံ့၊ အမြတ်အစွန်းကား ဤမျှလောက် ဖြစ်လတ္တံ့"ဟု ဤသို့ ရောင်းကုန်ပစ္စည်းကို သိ၏။

(ပြန်၊နှာ၊၁၃၂-၁၃၃) (၃-မှတ်)

ချိုမြသောစကား-

အကြင်စကားသည် အပြစ်ကင်း၏၊ နားချမ်းသာ၏၊ နှစ်လိုဖွယ်ရှိ၏၊ နှလုံးသို့ သက်၏၊ ယဉ်ကျေး၏၊ လူအများနှစ်သက်၏၊ လူအများနှစ်ခြိုက်၏၊ ဤသို့သော စကားအမျိုးအစား ဖြစ်ပါသည်။

(ပြန်၊နှာ၊၁၄၄) (၄-မှတ်)

၇။ ယုတ်ညံ့ဆုံးသော အဝတ်အထည်-

လူဆံချည်မျှင်ဖြင့် ရက်ထားသော ကမ္ဗလာ (၂-မှတ်)

အကြောင်းပြ-

လူဆံချည်မျှင်ဖြင့် ရက်သောကမ္ဗလာသည် အေးသော ရာသီ၌ အလွန်အေး၏၊ ပူအိုက်သော ရာသီ၌ အလွန်ပူ၏၊ အဆင်းမလှ၊ အနံ့မကောင်း၊ ကြမ်းတမ်းသော အတွေ့အထိရှိသောကြောင့်တည်း။

(ပြန်၊နှာ၊၁၀၇) (၄-မှတ်)

ကောင်းသောနံနက်ခင်းဖြစ်အောင်-

နံနက်ခင်း၌ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ခြင်း နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ခြင်း၊ စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ခြင်း ဖြစ်ပါသည်။ (ပြန်၊နှာ၊၁၁၆) (၄-မှတ်)

၈။ နတ်ပြည်ရောက်နိုင်သော အင်္ဂါ ၄-ပါး

(က) ချစ်ခြင်းကြောင့် အဂတိမလိုက်စားခြင်း

(ခ) မုန်းခြင်းကြောင့် အဂတိမလိုက်စားခြင်း

(ဂ) မသိခြင်းကြောင့် အဂတိမလိုက်စားခြင်း

(ဃ) ကြောက်ရွံ့ခြင်းကြောင့် အဂတိ မလိုက်စားခြင်း (ပြန်၊နှာ၊၁၄၂-၁၄၃) (၅-မှတ်)

CS CamScanner

လ, နေ တို့၏ ညစ်နွမ်းကြောင်းတရား ၄-မျိုး

(က) တိမ်တိုက် (ခ) ဆီးနှင်း (ဂ) အခိုးနှင့်မြူ (ဃ) ရာဟု အသူရိန် (ပြန်၊နှာ၊၃၇၆၊၃၇၇) (၅-မှတ်)

၉။ မသွားရောက်နိုင်ခြင်းအကြောင်း-

မာတုဂါမသည် အမျက်ထွက်တတ်၏၊ ငြူစူတတ်၏၊ ဝန်တိုတတ်၏၊ ပညာမရှိ ထို့ကြောင့်တည်း။

(ပြန်၊နှာ၊၄၀၉) (၄-မှတ်)

သံဝေဇနီယ ၄-ဌာန

(၁) "ဤအရပ်၌ မြတ်စွာဘုရား ဖွားမြင်၏" ဟု သဒ္ဓါတရားရှိသော အမျိုးကောင်းသား ရှုသင့်သည့် သံဝေဂဉာဏ် ဖြစ်စေတတ်သော အရပ်၊

(၂) "ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော (အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်) သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိ၏"ဟု- သံဝေဂဉာဏ် ဖြစ်စေတတ်သောအရပ်၊

(၃) "ဤအရပ်၌ မြတ်စွာဘုရားသည် အတုမရှိသော ဓမ္မစကြာတရားကို ဟော၏"ဟု (ပ) အရပ်

(၄) ဤအရပ်၌ မြတ်စွာဘုရားသည် (ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်) အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၏"ဟု (ပ) အရပ်။ (ပြန်၊နှာ၊၄၄၈) (၆-မှတ်)

၁၀။ စကားမှန်ကန်မှု မရှိပါ။ (၃-မှတ်)

**အရှေးက အကြောင်းကား-** တစ်ပါးသော ဘဝ၌ အမျက်ကြီးခဲ့ဖူးလေယောင်တကား၊ စိတ်ပင်ပန်းခြင်းများခဲ့လေယောင်တကား၊ အနည်းငယ်ပြောဆိုကာမျှဖြင့်လည်း ငြိုကပ်တတ်ခဲ့လေယောင်တကား၊ အမျက်ထွက်ခဲ့လေယောင်တကား၊ ဖောက်ပြန်ခဲ့လေယောင်တကား၊ ရန်ငြိုးထားခဲ့လေယောင်တကား၊ စိတ်ဆိုးခြင်းကို လည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်စွာပြုခဲ့ဖူးလေယောင်တကား၊ ထို့ကြောင့်တည်း။ (ပြန်၊နှာ၊၅၄၁) (၇-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ဧကက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၁) ရက်၊ (၂၉. ၅. ၂၀၁၄) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ လောက၌ "အဓမ္မကို အဓမ္မ"ဟု ရဲဝံ့စွာ ထောက်ပြတက်သူတို့အတွက် ဖြစ်ပေါ်လာမည့် အကျိုးအဆက်ဆက်ကို ဖော်ပြ၍၊ အဋ္ဌာနပါဠိ ဒုတိယဝဂ်လာ ပဥ္စမမြောက် အဋ္ဌာနတရားကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အဓမ္မကို အဓမ္မဟု ရဲဝံ့စွာ ထောက်ပြတက်သူတို့အတွက် ဖြစ်ပေါ်လာမည့် အကျိုးအဆက်ဆက်၊

လူအများ၏ အစီးအပွားဖြစ်ခြင်းငှာ လူအများ၏ ချမ်းသာခြင်းငှာ လူအများ၏ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ ကျင့်သည်မည်ကုန်၏။

ထိုပုဂ္ဂိုလ်တို့သည် များစွာသော ကုသိုလ်တရားကိုလည်း ဖြစ်ပွားစေသည် မည်ကုန်၏။ ဤသာသနာတော်ကိုလည်း တည်တံ့စေသည် မည်ကုန်၏။ (၅-မှတ်) (ပါ၊နှာ-၁၉၊ မြန်၊နှာ-၂၆။)

အဋ္ဌာနပါဠိ ဒုတိယဝဂ်လာ ပဥ္စမမြောက် အဋ္ဌာနတရား

မိန်းမတို့သည် မာရ်နတ်မင်း ဖြစ်ရာသော အကြောင်းအခွင့်မရှိ။ (၅-မှတ်) (ပါ၊နှာ-၃၀၊ မြန်၊နှာ-၃၈။)

၂။အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့ ရရှိထားသော ဧတဒဂ်ဘွဲ့ထူးတို့ကို ရေးသားဖော်ပြခဲ့ပါ။

(က) အရှင်ပုဏ္ဏ (ခ) အရှင်သုဘူတိ (ဂ) နန္ဒာ ဘိက္ခုနီ
(ဃ) ဥဂ္ဂသူကြွယ် (င) သုပ္ပိယာ ဥပါသိကာမ

ဖြေ။ (က) ဓမ္မကထိက (၂-မှတ်) (ပါ၊နှာ-၂၄၊ မြန်၊နှာ-၃၁။)
(ခ) ကိလေသာကင်းသော နေခြင်း
မြတ်သော အလှူကို ခံထိုက်ခြင်း (၂-မှတ်) (ပါ၊နှာ-၂၄၊ မြန်၊နှာ-၃၁။)
(ဂ) ဈာန်ဝင်စားခြင်း၌ မွေ့လျော်ခြင်း (၂-မှတ်) (ပါ၊နှာ-၂၆၊ မြန်၊နှာ-၃၄။)
(ဃ) နှစ်သက်ဖွယ် ဝတ္ထုကို လှူတက်ခြင်း (၂-မှတ်) (ပါ၊နှာ-၂၇၊ မြန်၊နှာ-၃၆။)
(င) ဂိလာနုပဋ္ဌာက (၂-မှတ်) (ပါ၊နှာ-၂၈၊ မြန်၊နှာ-၃၆။)

CamScanner

## မေးခွန်းနှင့် အဖြေ

၃။ အဘယ့်ကြောင့် ကိန္နရာတို့ လူစကား မပြောကြပါသနည်း ရှင်းပြ၍၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမတို့ တောင့်တထိုက်သော ဆုတို့ကိုလည်း ဗုဒ္ဓအလိုတော်ကျ ဖော်ပြခဲ့ပါ။

ဖြေ။ ကိန္နရာတို့ လူစကား မပြောခြင်းအကြောင်း

၁။ မဟုတ်မမှန်သော စကားကို ငါတို့ မပြောမဆို မိကြပါစေနှင့်။

၂။ သူတစ်ပါးကိုလည်း မဟုတ်မမှန်သော စကားဖြင့် ငါတို့ မစွပ်စွဲ မိကြပါစေကုန်လင့်။

(၅-မှတ်) (ပါ၊နှာ-၇၇၊ မြန်၊နှာ-၉၁)

ရဟန်းတို့ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာမသည် မှန်စွာ တောင့်တလိုလျှင်
"ခုဇ္ဇုတ္တရာဥပါသိကာမနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒသတို့သား၏ မိခင် 'နန္ဒမာတာ' ဥပါသိကာမတို့သည် အကြင်သို့ သဘောရှိကုန်၏၊ (ငါသည်လည်း) ထိုသို့ သဘောရှိသူ ဖြစ်ရပါလို၏" ဟု ဤသို့ တောင့်တရာ၏

(၅-မှတ်) (ပါ၊နှာ-၈၈၊ မြန်၊နှာ-၁၀၃)

၄။ဤစာမေးပွဲသို့ လာရောက်ဆင်နွှဲကြသော စာဖြေသူတို့၏ ဘဝတွင် လက်ဦးဆရာတို့ကို ဖော်ပြ၍၊ ၎င်းလက်ဦး ဆရာတို့၏ နာမည်ဂုဏ်ထူးတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ လက်ဦးဆရာ အမိနှင့် အဖ (၄-မှတ်) (ပါ၊နှာ-၁၃၀၊ မြန်၊နှာ-၁၄၇)

၎င်းလက်ဦးဆရာတို့၏ နာမည်ဂုဏ်ထူးတို့ကား -

ဗြဟ္မာ

ပုဗ္ဗာစရိယ (လက်ဦးဆရာ)

အာဟုနေယျ (၆-မှတ်) (ပါ၊နှာ-၁၃၀၊ မြန်၊နှာ-၁၄၇)

CamScanner

## မေးခွန်းနှင့် အဖြေ

၅။ ယနေ့ မျက်မှောက်ခေတ် ကြက်ပျံမကျ စည်ကားလျက်ရှိသော ရန်ကုန်မြို့တော်ကြီး ပျက်သုဉ်း ပျောက်ကွယ်သွားနိုင်သော အကြောင်းသုံးပါးတို့တွင် နှစ်ခုမြောက် အကြောင်းတရားကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ဖြေ။ ပုဏ္ဏား နောက်တစ်မျိုးကား ယခုအခါ၌ လူတို့သည် မတရားသော လောဘဖြင့် တပ်မက်ကုန်၏၊ မညီမျှသော လောဘဖြင့် နှိပ်စက်အပ်ကုန်၏၊ မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်၏၊ မတရားသော လောဘဖြင့် တပ်မက်ကုန်သော မညီမျှသော လောဘဖြင့် နှိပ်စက်အပ်ကုန်သော မှောက်မှားသော အကျင့်နှင့် ပြည့်စုံကုန်သော ထိုလူတို့အား မိုးသည် ရေအလျဉ်ကို ကောင်းစွာ ရွာချမပေး၊ ထို့ကြောင့် ငတ်မွတ်ခေါင်းပါး၏၊ ကောက်ပင်တို့ မသန်စွမ်းကုန်၊ ကောက်ပင်တို့ ပိုးဖျက်ခံရ၏၊ အရိုးတံသာ ကျန်ရှိ၏၊ ထို့ကြောင့် လူပေါင်း မြောက်မြားစွာ သေကုန်၏။ ယင်းအကြောင်းကြောင့် ယခုအခါ၌ လူများ နည်းပါး ကုန်ခန်း၏၊ ကျေးတိုးကျဲတဲ ထင်၏၊ ရွာတို့သည်လည်း ရွာမဟုတ်ကုန်၊ နိဂုံးတို့ သည်လည်း နိဂုံး မဟုတ်ကုန်၊ မြို့တို့သည်လည်း မြို့မဟုတ်ကုန်၊ ဇနပုဒ်တို့ သည်လည်း ဇနပုဒ်မဟုတ်ကုန်။ ပုဏ္ဏား ဤသည်လည်း အကြောင်း (တစ်ရပ်) အထောက်အထား (တစ်ခု) ပေတည်း။ (၁၀-မှတ်) (ပါ၊နှာ-၁၆၀၊ မြန်၊နှာ-၁၇၉။)

CamScanner

## မေးခွန်းနှင့် အဖြေ

၆။ ဥပုသ်သည်တို့ သိထားသင့်သော ဥပုသ်အမျိုးအစား သုံးပါးကို ဖော်ပြ၍၊ နံပါတ်တစ် ဥပုသ်၏ အဓိပ္ပါယ်ကိုလည်း မှတ်သားဖွယ် ဖြစ်အောင် ရေးသားခဲ့ပါ။

ဖြေ။ ဝိသာခါ ဥပုသ်တို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်းဟူမူ- နွားကျောင်းသား 'ဂေါပါလ' ဥပုသ်၊ တက္ကတွန်း 'နိဂဏ္ဌ' ဥပုသ်၊ အရိယာ ဥပုသ်တို့တည်း။ (၄-မှတ်)

ဝိသာခါ နွားကျောင်းသား ဥပုသ်သည် အဘယ်သို့ ဖြစ်သနည်း၊

ဝိသာခါ နွားကျောင်းသားသည် ညနေချမ်းအခါ၌ နွားရှင်တို့အား နွားတို့ကို အပ်နှင်း၍ "ယနေ့ နွားတို့သည် ဤမည် ဤမည်သော အရပ်၌ ကျက်စားခဲ့ကြ ကုန်၏၊ ဤမည် ဤမည်သော အရပ်၌ ရေသောက်ခဲ့ကြကုန်၏၊ နက်ဖြန် နွားတို့သည် ဤမည် ဤမည်သော အရပ်၌ ကျက်စား ရကုန် လတ္တံ့၊ ဤမည် ဤမည်သော အရပ်၌ ရေသောက်ရ ကုန်လတ္တံ့." ဟု ဆင်ခြင်သကဲ့သို့၊ အချို့သော ဥပုသ်သည်သည် "ယနေ့ ငါသည် ဤမည် ဤမည်သော ခဲဖွယ်ကို ခဲခဲ့၏၊ ဤမည် ဤမည်သော စားဖွယ်ကို စားခဲ့၏၊ နက်ဖြန် ငါသည် ဤမည် ဤမည်သော ခဲဖွယ်ကို ခဲရလတ္တံ့၊ ဤမည် ဤမည်သော စားဖွယ်ကို စားရလတ္တံ့." ဟု ဆင်ခြင်၏။ ထိုသူသည် ထို မက်မောခြင်း 'အဘိဇ္ဈာ' နှင့် တကွသော စိတ်ဖြင့် နေ့ကို ကုန်လွန်စေ၏၊ ဝိသာခါ နွားကျောင်းသား ဥပုသ်သည် ဤသို့ ဖြစ်၏။ (၆-မှတ်) (ပါ၊နှာ-၂၀၆၊ မြန်၊နှာ-၂၂၄။)

## မေးခွန်းနှင့် အဖြေ

၇။ "စည်းလုံးခြင်းသည် အင်အား"ဆိုသည်နှင့်အညီ ညီညွတ်စွာ နေထိုင်ခြင်းကြောင့် ရရှိလာမည့် အကျိုးအဆက်ဆက်ကို ဖော်ပြ၍၊ သီချင်းဆိုခြင်း, ကခြင်းတို့ကို သာသနာတော်၌ အဘယ်ကဲ့သို့ သတ်မှတ်ထားသနည်း ဖြေဆိုပါ။

ဖြေ။ ရဟန်းတို့ အကြင် အခါ၌ ရဟန်းတို့သည် ညီညွတ်ကုန် ဝမ်းမြောက်ကုန်လျက် ဆန့်ကျင်ဘက် စကားကို မပြောကုန်မူ၍ နို့နှင့်ရေ ရောစပ်ထားသကဲ့သို့ ဖြစ်ကုန်၍ အချင်းချင်း ချစ်ခင်သော မျက်စိတို့ဖြင့် ကောင်းစွာ ကြည့်ရှုကြကုန်လျက် နေထိုင်ကုန်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် များစွာသော ကောင်းမှုကို ဖြစ်စေကုန်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းတို့သည် စိတ်၏ ကိလေသာမှ လွတ်မြောက်ကြောင်းဖြစ်သော ဝမ်းမြောက်ခြင်း 'မုဒိတာ' ဖြင့် မြတ်သော နေခြင်းကို နေကုန်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်ခြင်း 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သော သူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစား၏၊ ချမ်းသာခြင်းရှိသူ၏ စိတ်သည် တည်ကြည်၏။ (၆-မှတ်) (ပါ၊နှာ-၂၄၅၊ မြန်၊နှာ-၂၆၃။)

သာသနာတော်၌
သီချင်းဆိုခြင်းကို ငိုသည်
ကခြင်းကို ရူးသွပ်သည်ဟု သတ်မှတ်ထားသည်။ (၄-မှတ်) (ပါ၊နှာ-၂၆၃၊ မြန်၊နှာ-၂၈၁။)

## မေးခွန်းနှင့် အဖြေ

၈။ ချစ်သူနှစ်ဦးတို့ မျက်မှောက် တမလွန် ဘဝဆက်တိုင်း ဆုံဆည်းနိုင်ရန် နည်းလမ်းကောင်းတို့ကို ဗုဒ္ဓအလိုတော်ကျ ညွှန်ပြ၍၊ ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံလိုသော အမျိုးသမီးတို့ ပြုကျင့်ရမည့် အရာတို့ကိုလည်း ရေးသားခဲ့ပါ။

ဖြေ။ ဘဝဆက်တိုင်း ဆုံစည်းနိုင်ရန် နည်းလမ်းကောင်းများ -

ဒါယကာတို့ လင်မယားနှစ်ဦးလုံးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးလုံးတို့သည် တူမျှသော သဒ္ဓါတရား ရှိကုန်ရာ၏၊ တူမျှသော သီလရှိကုန်ရာ၏၊ တူမျှသော စွန့်ကြဲမှု 'စာဂ' ရှိကုန်ရာ၏၊ တူမျှသော ပညာရှိကုန်ရာ၏၊ (ယင်းသို့ဖြစ်သော်) ထိုလင်မယားနှစ်ဦးတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်လတ္တံ့ ဟု (မိန့်တော်မူ၏)။ (၅-မှတ်) (ပါ၊နှာ-၃၇၂၊ မြန်၊နှာ-၃၈၇။)

ရုပ်အဆင်းလှပရန် ပြုကျင့်ရမည့် ကျင့်ဝတ် -

မလ္လိကာ ဤလောက၌ အချို့သော မာတုဂါမသည် အမျက်ဒေါသမကြီး၊ စိတ်ပင်ပန်းခြင်းမများ၊ များစွာပြောဆိုသော်လည်း မကပ်ငြိတတ်၊ အမျက်မထွက်တတ်၊ မဖောက်ပြန်တတ်၊ ရန်ငြိုးမထားတတ်၊ စိတ်ဆိုးခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ မနှစ်သက်ခြင်းကိုလည်းကောင်း ထင်စွာ မပြုတတ်ခြင်းတို့ ဖြစ်ပါသည်။ (၅-မှတ်) (ပါ၊နှာ-၅၂၄၊ မြန်၊နှာ-၅၄၀။)ဖြေ။

## မေးခွန်းနှင့် အဖြေ

၉။ အောက်ပါတို့ကို မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

(က) ဒေဝဒူတဝဂ်လာ ဟတ္ထကသုတ်ကို အဘယ်အရပ်၌ ဟောကြားတော်မူခဲ့၍

ဝေသာလီ? သာဝတ္ထိ? အာဠဝီ?

ဖြေ။ (က) အာဠဝီ (၅-မှတ်) (ပါ၊နှာ-၁၃၅၊ မြန်၊နှာ-၁၅၃။)

(ခ) အရှင်သာရိပုတ္တရာ (၅-မှတ်) (ပါ၊နှာ-၄၈၆၊ မြန်၊နှာ-၅၀၁။)

၁၀။ အောက်ပါတို့ကို မှန်ကန်စွာ ဆုံးဖြတ်ခဲ့ပါ။

တိကနိပါတ်လာ သာဠသုတ္တန် ဒေသနာတော်ကို

(က) အဘယ်ပုဂ္ဂိုလ်သည်

ဘုရားရှင်? အာနန္ဒာ? နန္ဒက?

(ခ) အဘယ်ပုဂ္ဂိုလ်တို့အား ဟောကြားခဲ့ပါသနည်း။

သမိဒ္ဓ-ကောဋ္ဌိက? သာဠ-သာဏ?

ဖြေ။ (က) နန္ဒက (၅-မှတ်) (ပါ၊နှာ-၁၉၄၊ မြန်၊နှာ-၂၁၁။)

(ခ) သာဠ-သာဏ (၅-မှတ်) (ပါ၊နှာ-၁၉၄၊ မြန်၊နှာ-၂၁၁။)

CamScanner

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ဧကက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် အဖြေ**

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၂၂. ၆. ၂၀၁၅) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

၁။ အောက်ပါ ပုဂ္ဂိုလ်တို့ ရရှိသော ဧတဒဂ်တို့ကို ဖော်ပြခဲ့ပါ။
(က) အရှင်စူဠပန်၊ (ခ) အရှင်ဗာဟိယဒါရုစီရိယ၊ (ဂ) ဘဒ္ဒါ ကုဏ္ဍလကေသာ ဘိက္ခုနီ၊
(ဃ) ဟတ္ထက အာဠဝက ဥပါသကာ၊ (င) နကုလမာတာ ဥပါသိကာမ။

၂။ သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဧကန်မပြုတော့သော အမှု (အခွင့်)တို့တွင် ရှေ့(၅)မျိုးကိုသာ အဋ္ဌာနပါဠိ ပထမဝဂ်လာအတိုင်း ဖော်ပြ၍၊ ဘုန်ကံကြီးလိုသော အရှင်မြတ်များ လိုက်နာပြုကျင့်ရမည့် တရားတို့တွင် မိမိအလိုရှိသော (၅)ချက်မျှကိုသာ ပသာဒကရဓမ္မဝဂ်မှ ထုတ်ပြခဲ့ပါ။

၃။ ယနေ့မျက်မှောက်ခေတ်တွင် အယူအဆအတွေးခေါ်များ မတူကြ၍ ငြင်းခုံခြင်းများ ဖြစ်နေကြရာဝယ် ရဟန်းအချင်းချင်း၊ လူပုဂ္ဂိုလ်အချင်းချင်း ငြင်းခုံခြင်း၏ အကြောင်းတို့ကို အသီးသီး ဖော်ပြ၍၊ "ဆုတောင်းတိုင်းသာ ပြည့်စေချင်ပါသည်"ဟု မြန်မာလူမျိုးများပြောဆိုနေကြရာ စစ်မှန်သောဆုတောင်းမှုမျိုး ဖြစ်စေရန် အဘယ်ပုဂ္ဂိုလ် တို့ကဲ့သို့ ဖြစ်ရန် ဆုတောင်းရပါမည်နည်း၊ အာယာစနဝဂ်မှာလာသည့်အတိုင်း အကျဉ်းချုပ် ဖြေဆိုပါ။

၄။ "လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတာပါ" ဟု ပြေဆိုနေကြရာ မျှော်လင့်ချက်မရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပါနည်း အာသံသသုတ်နှင့်အညီဖြေဆို၍၊ ငရဲပြည်ကြီးတည်ရှိနေပုံကို အကျဉ်းမျှ ဖော်ပြခဲ့ပါ။

၅။ ကြက်ပျံတစ်ကျ စည်ကားလှသော ကမ္ဘာလောကကြီး တဖြည်းဖြည်းချင်း ဆုတ်ယုတ်သွားရခြင်း၏ အကြောင်းကို ရေး၍၊ အိုခွက်ပုဂံဆေးရေကို အကျိုးရှိအောင် အဘယ်ကဲ့သို့ စွန့်ပစ်ရမည်ကို မြတ်ဗုဒ္ဓ ညွှန်ကြားသည့်အတိုင်း ဖြေဆိုပါ။

၆။ "ငါသည် သာကီဝင်မင်းသား ရဟန်းတို့၏ တရားကို သိပြီးပြီ၊ ထို့ကြောင့် သာသနာတော်မှ ထွက်ခွာခဲ့၏" ဟု အကြွားသန်သော သရဘပရိဗိုဇ်အား အပေါင်းအဖော်များက အဘယ်ကဲ့သို့သော ဥပမာများ ပေး၍ နှုတ်နှင်တံဖြင့် ထိုးနှက်ကြပါသနည်း ဖြေဆိုပါ။

၇။ ယနေ့ အိုင်တီ(IT) ခေတ်ကြီးသည် အရာအားလုံး လျှင်မြန်စွာ ဖြစ်ပေါ်နေသကဲ့သို့ လျှင်မြန်ဖျတ်လတ်သော ရဟန်းတစ်ပါး ဖြစ်ဖို့ရန် အဘယ်သို့သော တရားနှင့် ပြည့်စုံရပါမည်နည်း ဒုတိယ အဿာဇာနီယသုတ်နှင့်အညီ ဖြေဆို၍၊ မင်္ဂလာရှိသော နံနက်ခင်းကို ပိုင်ဆိုင်လိုလျှင် အဘယ်ကဲ့သို့ ပြုကျင့်ရမည်နည်း ဖြေဆိုပါ။

၈။ ရဟန်းသံဃာတော်တို့၏ ညစ်နွမ်းကြောင်း (၄)မျိုးတို့ကို ဖော်ပြ၍၊ ဇနီးမောင်နှံတို့ သံသရာတစ်လျှောက်လုံး အတူတကွ ဆုံဆည်းနိုင်ရန် ပြည့်စုံရမည့်တရား (၄)ပါးကိုလည်း ညွှန်ပြခဲ့ပါ။

၉။ ချုန်းသာ ချုန်း၍ မရွာသော မိုး ဟူသည် အဘယ်ပါနည်း ဒုတိယ ဝလာဟကသုတ်နှင့်အညီ ဖြေဆို၍၊ မြတ်စွာဘုရား၏ အန အကြမ်း နှစ်ခုပွမ်း၍ ဆုံးမနည်းကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ အောက်ဖော်ပြပါ သုတ်တို့ကို အဘယ်အရပ်ဒေသ၌ ဟောကြားခဲ့ပါသနည်း ဖြေဆိုပါ။
(က) ဒေါဏသုတ် (ခ) ပဌမသံဝါသသုတ် (ဂ) ပဌမသမဇီဝိသုတ်

CS CamScanner

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်မြို့
# ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# အုပ်စု (၅) အင်္ဂုတ္တရနိကာယ

**ဧကက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ**

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၁) ရက်၊ (၂၁. ၆. ၂၀၁၆) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••••

မေး-၁။ အရှင်ဝက္ကလိ, ဓမ္မဒိန္နာထေရီ, မဟာနာမ်, သုပ္ပဝါသာတို့ ရရှိသော ဂုဏ်ထူးတို့ကို ဖော်ပြ၍၊ တိုင်းသူပြည်သားတို့၏ ဆွမ်းကို အချောင်စားနေသူ မဖြစ်စေရန် ပွားများရမည့် တရားတို့မှ ရှေ့ (၈) မျိုးကိုသာ ထုတ်ပြခဲ့ပါ။

ဖြေ။ သဒ္ဓါတရား အားကြီးကုန်သော ငါ၏တပည့်ရဟန်းတို့တွင် အကြင် ဝက္ကလိသည် ရှိ၏၊ ထိုဝက္ကလိသည် အမြတ်ဆုံးပေတည်း။(၂-မှတ်)

တရားဟောတတ်ကုန်သော ငါ၏တပည့် ရဟန်းမိန်းမတို့တွင် အကြင် ဓမ္မဒိန္နာသည် ရှိ၏၊ ထိုဓမ္မဒိန္နာသည် အမြတ်ဆုံးပေတည်း။(၂-မှတ်)

မွန်မြတ်သော ဝတ္ထုကို ပေးလှူတတ်ကုန်သော ငါ၏တပည့် ဥပါသကာတို့တွင် သာကီဝင်မင်းမျိုးဖြစ်သော အကြင် မဟာနာမ်သည် ရှိ၏၊ ထို မဟာနာမ်သည် အမြတ်ဆုံးပေတည်း။(၂-မှတ်)

မွန်မြတ်သော ဝတ္ထုကို ပေးလှူကုန်သော ငါ၏တပည့် ဥပါသိကာမတို့တွင် ကောလိယမင်း၏သမီး အကြင် သုပ္ပဝါသာသည် ရှိ၏၊ ထိုသုပ္ပဝါသာသည် အမြတ်ဆုံးပေတည်း။(၂-မှတ်)

ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ မေတ္တာစေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိ၊ မုဒိတာစေတောဝိမုတ္တိ၊ ဥပေက္ခာစေတောဝိမုတ္တိ။ (၂-မှတ်)

မေး-၂။ အသက်ကြီးသူတိုင်းကို လူကြီးဟု ခေါ်နိုင်ပါသလော? လူကြီးအစစ်ကို အရှင်မဟာကစ္စည်း ညွှန်ပြသည့်အတိုင်း ဖြေဆို၍၊ အမှိုက်နှင့်တူသော ပရိသတ်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ပုဏ္ဏား အကြင်သူသည် ပျိုမျစ်သော ကောင်းစွာ နက်သော ဆံပင်ရှိသော ကောင်းသော အရွယ်နှင့် ပြည့်စုံသော ပဌမအရွယ်နှင့် ပြည့်စုံသော သူငယ်ပင် ဖြစ်စေကာမူ ထိုသူသည် ကာမဂုဏ်တို့ကို မသုံးဆောင် မခံစားသူ ကာမဂုဏ်တည်းဟူသော အိမ်၌ အုပ်စိုး၍ မနေသူ ကာမဂုဏ်တည်းဟူသော အပူသည် အပူလောင် မခံရသူ ကာမဂုဏ်တို့၌ ကြံစည်ခြင်း 'ကာမဝိတက်' တို့ အကိုက်မခံရသူ ကာမဂုဏ်တို့ကို ရှာမှီခြင်း၌ လုံ့လမပြုသူ ဖြစ်ခဲ့မူ ထိုသူသည် ပညာရှိ လူကြီးဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏ဟု မိန့်ဆို၏။(၅-မှတ်)

ရဟန်းတို့ ရှုပ်ထွေး ပွေလိမ် ဖျင်းသိမ်သော ပရိတ်သတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်ဝယ် အကြင်ပရိတ်သတ်၌ ရဟန်းတို့သည် ချစ်သဖြင့် မလာအပ်သော ဆန္ဒာဂတိသို့ လိုက်ကုန်၏။ မုန်းသဖြင့် မလာအပ်သော ဒေါသာဂတိသို့ လိုက်ကုန်၏။ မသိသဖြင့် မလာအပ်သော မောဟာဂတိသို့ လိုက်ကုန်၏၊ ကြောက်သဖြင့် မလာအပ်သော ဘယာဂတိသို့ လိုက်ကုန်၏။ ရဟန်းတို့ ဤပရိတ်သတ်ကိုရှုတ်ထွေး ပွေလိမ် ဖျင်းသိမ်သော ပရိသတ်ဟု ဆိုအပ်၏။ (၅-မှတ်)

မေး-၃။ ယခုတလောတွင် မိုးကြိုးပစ်ခံရ၍ လူတချို့ သေဆုံးနေကြရာ မိုးကြိုးပစ်သော်လည်း ကြောက်ရွံ့ခြင်းမရှိသော သူတို့ကို ဖော်ပြ၍၊ တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသော သူ၏ လုပ်ရပ်တို့တွင် ရှေ့ (၂) မျိုးစီကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ၊ ဆင်အာဇာနည်၊ မင်းအာဇာနည်၊ သားများသနင်း ခြင်္သေ့မင်း။ (၃-မှတ်)

ရဟန်းတို့ တရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည်မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊

များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ- ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍ ကဲ့ရဲ့ထိုက်သူအား ချီးမွမ်းစကားကို ပြောဆို၏။ ဉာဏ်ဖြင့် မသိမြင်မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင် မပိုင်းခြားမူ၍ ချီးမွမ်းထိုက်သူအား ကဲ့ရဲ့စကားကို ပြောဆို၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည် မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏ ဟု (မိန့်တော်မူ၏)။ (၃-မှတ်)

ရဟန်းတို့ တရား နှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သော သူယုတ်သည် တူးဖြိုဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည်မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်းစွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွါးစေ၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ- ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏဖြင့် မသက်ဝင် မပိုင်းခြားမူ၍ မကြည်ညိုထိုက်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေ၏။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ်မူ၍ ဉာဏ်ဖြင့် မသက်ဝင်မပိုင်းခြားမူ၍ ကြည်ညိုထိုက်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေ၏။ ရဟန်းတို့ ဤတရားနှစ်မျိုးတို့နှင့် ပြည့်စုံသော မလိမ္မာသော မိုက်သောသူ ယုတ်သည် တူးဖြို ဖျက်ဆီးအပ်သော မိမိကိုယ်ကို စောင့်ရှောက်နေသည်မည်၏၊ အပြစ်ရှိသူလည်း ဖြစ်၏၊ ပညာရှိတို့လည်း စွပ်စွဲ ကဲ့ရဲ့ထိုက်သူလည်း ဖြစ်၏၊ များစွာသော မကောင်းမှုကိုလည်း ဖြစ်ပွားစေ၏ ဟု (မိန့်တော်မူ၏)။ (၃-မှတ်)။

မှတ်ချက်၊ ။ သုံးဖြတ်လုံးမှန်လျှင် (၁၀)မှတ်ပေးရန်။

မေး-၄။ "တစ်လုပ်စားဖူး သူကျေးဇူး"ဟူသော ဆိုရိုးစကားအရ ပုဂ္ဂိုလ်တစ်ယောက်အတွက် ကျေးဇူးများသော သူ (၃) ဦးကို ဖော်ပြ၍၊ ထိုသူတို့အပေါ်၌ ပြန်လည်၍ ပြုရန် မလွယ်ကူသော အမှုတို့ကိုလည်း ဗဟုကာရသုတ်လာအတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိကုန်၏-

အဘယ်သုံးမျိုးတို့နည်းဟူမူ- ရဟန်းတို့ အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ရာဟု ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏။(၂-မှတ်)

ရဟန်းတို့ နောက်တစ်မျိုးကား အကြင် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်'တည်း"ဟု ဟုတ်မှန်သောအတိုင်း သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ 'နိဗ္ဗာန်' သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်မှန်သောအတိုင်း သိ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည် အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏

(၂-မှတ်)

ရဟန်းတို့ နောက်တစ်မျိုးကား အကြင် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြားပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော၊ ကိလေသာမှ လွတ်မြောက်သော ရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ရဟန်းတို့ ဤပုဂ္ဂိုလ်သည်အခြားပုဂ္ဂိုလ်အား များစွာ ကျေးဇူးရှိ၏။ (၂-မှတ်)

ရဟန်းတို့ ဤပုဂ္ဂိုလ်သုံးမျိုးတို့အား . . .

ဤအခြားပုဂ္ဂိုလ်သည် ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း သင်္ကန်း ဆွမ်း ကျောင်း သူနာ၏ အထောက်အပံ့ဖြစ်သော ဆေးပစ္စည်းတို့ဖြင့် ချီးမြှောက်ခြင်းဖြင့် ကောင်းစွာ ကျေးဇူးတုံ့ပြန်ခြင်းငှါ မလွယ်ဟု ငါဆို၏ ဟု(မိန့်တော်မူ၏)။(၄-မှတ်)

မေး-၅။ ယနေ့ခေတ် လူသားတို့သည် စူးစမ်းဆင်ခြင်တတ်သော သဘောရှိကြရာ မြတ်ဗုဒ္ဓ၏ စစ်မှန်သော စူးစမ်းဆင်ခြင်ပုံ (၁၀) မျိုးကို ကေသမုတ္တိသုတ်မှ ထုတ်ပြ၍၊ "စကား စကား၊ ပြောပါများ၊ စကားထဲက ဇာတိပြ"ဆိုသည့်အတိုင်း စကားဖြစ်ကြောင်း သုံးမျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကာလာမမင်းတို့ သင်တို့သည် . . .

၁။ ပြောသံ ကြားကာမျှဖြင့် (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊

၂။ အစဉ်အဆက် စကားမျှဖြင့်လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊

၃။ ဤသို့ ဖြစ်ဖူးသတတ်ဟူသော စကားမျှဖြင့်လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး

၄။ ပိဋကတ် (မိမိတို့ ရှေးဟောင်းကျမ်းဂန်စာပေနှင့် ညီညွတ်ပေသည်ဟူ၍လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊

၅။ ကြံဆတွေးတော၍ ယူခြင်းမျှဖြင့်လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊

၆။ နည်းမှီးယူခြင်းမျှဖြင့်လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊

၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန်လင့်ဦး၊ (ငါတို့) ကြံစည်နှစ်သက်၍

၈။ ယူထားသော အယူနှင့် တူညီပေသည်ဟူ၍လည်း (ဟုတ်ပြီ မှန်ပြီဟုအတည်) မယူကုန်လင့်ဦး၊

၉။ ငါတို့လေးစားသော ရဟန်း၏ စကားဟူ၍လည်း (ဟုတ်ပြီ မှန်ပြီဟု အတည်) မယူကုန် လင့်ဦး၊

၁၀။ ကာလာမမင်းတို့ "ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံစေအပ် ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားမဲ့ခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏"ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိသောအခါ၌မူ ပယ်စွန့်ကုန်ရာ၏။ (၆-မှတ်)

ရဟန်းတို့ စကားဖြစ်ကြောင်းတို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်းဟူမူ-ရဟန်းတို့ "လွန်လေပြီး ကာလက ဤသို့ ဖြစ်ဖူးပြီ" ဟု လွန်လေပြီး ကာလကို အကြောင်းပြု၍ မူလည်းစကားကို ပြောဆိုရာ၏၊ ရဟန်းတို့ "လာလတ္တံ့ကာလ ဤသို့ ဖြစ်လိမ့်မည်" ဟု လာလတ္တံ့ ကာလကိုအကြောင်းပြု၍မူလည်း စကားကို ပြောဆိုရာ၏၊ ရဟန်းတို့ "ယခုဖြစ်ဆဲ ကာလ၌ ဤသို့ ဖြစ်နေ၏"ဟု ယခုဖြစ်ဆဲသော ကာလကို အကြောင်းပြု၍မူလည်း စကားကို ပြောဆို ရာ၏။ (၄-မှတ်)

မေး-၆။ နာလန်ထစ မြတ်ဗုဒ္ဓအား မဟာနာမ်မင်း မေးလျှောက်အပ်သော အမေးပုစ္ဆာပြဿနာကို ဖော်ပြ၍၊ အရှင်အာနန္ဒာ ဟောကြားအပ်သော (သေခသီလ) ကျင့်ဆဲပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဟူသည် အဘယ်ပါနည်း? ရှင်းလင်းပြခဲ့ပါ။

ဖြေ။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် မကျန်းမာရာမှ ထမြောက်တော်မူခါစ ဖြစ်၏။ ထိုအခါ သာကီဝင်မင်း မဟာနာမ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား "အသျှင်ဘုရား 'တည်ကြည်သော သူအား ဉာဏ်ဖြစ်၏၊ မတည်ကြည်သော သူအား ဉာဏ်မဖြစ်' ဟု မြတ်စွာဘုရား ဟောထားသော တရားတော်ကို တပည့်တော် သိရသည်မှာ ကြာမြင့်ပါပြီ၊ အသျှင်ဘုရား သမာဓိက ရှေးဦးစွာဖြစ်၍ ဉာဏ်က နောက်မှ ဖြစ်ပါသလော၊ သို့မဟုတ် ဉာဏ်က ရှေးဦးစွာ ဖြစ်၍ သမာဓိက နောက်မှ ဖြစ်ပါသလော" ဟု လျှောက်၏။

(၅-မှတ်)

CamScanner

မဟာနာမ် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ ဟူသည် အဘယ်နည်း၊ မဟာနာမ် ဤသာသနာတော်၌ ရဟန်းသည် သီလနှင့် ပြည့်စုံ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်စည်းလျက် နေ၏ ။ပ။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်၏၊ မဟာနာမ် ဤသီလကို ကျင့်ဆဲသေက္ခ' ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဟု ဆိုအပ်၏။

(ကတမ မဟာနာမ ဘိက္ခု သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟရတိ အာစာရဂေါစရသမ္ပန္နော အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု-)။ (၅-မှတ်)

မေး-၇။ မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်ပါနည်း? ဥပမာဥပမေယျနှင့် တကွ ပြဆို၍၊ ကုန်သည်များ ကုန်သွယ်ပုံခြင်းတူပါလျက် အရင်းရှုံးရခြင်း၏ အကြောင်းကိုလည်း မြတ်ဗုဒ္ဓအလိုကျ ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ မြေ၌ ရေးခြစ်အပ်သော အက္ခရာနှင့်တူသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထိုပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား နေ့ညဥ့်ရှည်စွာ ကိန်းအောင်းမနေ။ ရဟန်းတို့ မြေ၌ ရေးခြစ်အပ်သော အက္ခရာသည် လေကြောင့်ဖြစ်စေ ရေကြောင့်ဖြစ်စေ လျင်စွာ ပျက်စီးသကဲ့သို့ ကြာမြင့်စွာ မတည်သကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက်ထွက်တတ်၏၊ ထို ပုဂ္ဂိုလ်၏ ထိုအမျက်သည်ကား နေ့ညဥ့်ရှည်စွာ ကိန်းအောင်းမနေ။

ရဟန်းတို့ ဤပုဂ္ဂိုလ်ကို မြေ၌ ရေးခြစ်အပ်သောအက္ခရာနှင့် တူသော ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ (၅-မှတ်)

သာရိပုတြာ ဤလောက၌ အချို့သော သူသည် သမဏသို့ဖြစ်စေ ဗြာဟ္မဏသို့ဖြစ်စေ ချဉ်းကပ်၍ "အသျှင်ဘုရား (အလိုရှိသော) ပစ္စည်းကို မိန့်ဆိုတော်မူပါ" ဟု ဖိတ်ကြား၏၊ ထိုသူသည် ထိုဖိတ်ကြားသော ပစ္စည်းကို မပေးလှူ၊ ထိုသူသည် ထိုဘဝမှ စုတေ၍ ဤလူ့ဘုံသို့ ပြန်လာခဲ့မူ အကြင် အကြင်ကုန်သွယ်မှုကိုပင် အားထုတ်၏၊ ထိုသူ၏ ထိုအားထုတ်အပ်တိုင်းသော ကုန်သွယ်မှုသည် ပျက်စီးခြင်းသို့ ရောက်၏။ (၅-မှတ်)

မေး-၈။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ကြုံတွေ့နိုင်သည့် ဘေးလေးမျိုးတို့တွင် လင်းပိုင်ဘေးဟူသည် အဘယ်ပါနည်း? ဦမိဘာယသုတ်လာအတိုင်း ရှင်းလင်း ဖြေဆိုပါ။

ဖြေ။ ရဟန်းတို့ လင်းပိုင် 'လပိုင်'ဘေးဟူသည် အဘယ်နည်း၊ ရဟန်းတို့. . . ဤသာသနာတော်၌ အချို့သော အမျိုးကောင်းသားသည် "ပဋိသန္ဓေ၊ နေခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာပင်ပန်းခြင်းတို့သို့ သက်ဝင်ရ၏၊ ဆင်းရဲသို့ သက်ဝင်ရ၏၊ ဆင်းရဲသည် နှိပ်စက်အပ်၏၊ ချမ်းသာ မဖက် သက်သက်သော ဤဒုက္ခအစု၏ အဆုံးကို ပြုနိုင်ကောင်း တန်ရာ၏"ဟု(နှလုံးပြု၍) သဒ္ဓါတရားဖြင့် အိမ်ရာ ထောင်သော ဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက် ရဟန်းပြု၏။ ထိုသူသည် ဤသို့ ရဟန်းပြုပြီးသော် နံနက်အချိန်၌ သင်းပိုင်ကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူပြီးလျှင် ရွာသို့ဖြစ်စေ နိဂုံးသို့ဖြစ်စေ မစောင့်စည်းအပ် သည်သာ ဖြစ်သော ကိုယ် နှုတ်စိတ်ဖြင့် မထင်သော သတိ၊ မပိတ်ဆို့သော ဣန္ဒြေတို့ဖြင့် ဆွမ်းခံဝင်၏။ ထိုရဟန်းသည် ထို ရွာနိဂုံး၌ မလုံမခြုံ ဝတ်ဆင်သော မာတုဂါမကို မြင်၍ တပ်မက်ခြင်း 'ရာဂ'သည် ထိုရဟန်း၏ စိတ်ကို ဖျက်ဆီး၏၊

ထိုရဟန်းသည် ရာဂဖျက်ဆီးသော စိတ်ဖြင့် သိက္ခာချလျက် လူထွက်၏။ ရဟန်းတို့ ဤရဟန်းကို လင်းပိုင်လပိုင်' ဘေးကို ကြောက်သဖြင့် သိက္ခာချလျက် လူထွက်သော ရဟန်းဟု ဆိုအပ်၏။ ရဟန်းတို့"လင်းပိုင် 'လပိုင်'ဘေး" ဟူသော ဤအမည်သည် မာတုဂါမ၏ အမည်တည်း။ ရဟန်းတို့ ဤသည်ကိုလင်းပိုင် 'လပိုင်' ဘေးဟု ဆိုအပ်၏၊ ရဟန်းတို့ ဤဓမ္မဝိနယ 'သာသနာတော်' ၌ အိမ်ရာထောင်သောဘဝမှ အိမ်ရာမထောင်သော ဘဝသို့ ဝင်ရောက် ရဟန်းပြုသော အချို့သော အမျိုးကောင်းသားအား မချွတ် တွေ့ကြုံရမည့် ဘေးတို့သည် ဤလေးမျိုးတို့တည်းဟု (မိန့်တော်မူ၏)။ (၁၀-မှတ်)

မေး-၉။ လွယ်ကူသော အကျင့် လျှင်မြန်သော အသိဉာဏ်တို့ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြသည် ဖြစ်စေဟု ဘုန်းတော်ကြီးများ ဆုပေးနေကြရာ လွယ်ကူစွာ ကျင့်ရ၍ လျှင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်ပါနည်း? ဝိတ္ထာရသုတ်မှ ထုတ်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျှင်မြန်သော အသိဉာဏ်ရှိသော အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့

ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ သာလျှင် ကြံစည်ခြင်း 'ဝိတက်'နှင့် တကွဖြစ်သော၊ သုံးသပ်ခြင်း 'ဝိစာရ'နှင့်တကွ ဖြစ်သော၊ (နီဝရဏ) ကင်းခြင်းကြောင့်ဖြစ်သော၊ နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ပ။ ဒုတိယဈာန်သို့။ပ။ တတိယဈာန်သို့။ ပ။ စတုတ္ထဈာန်သို့ရောက်၍ နေ၏။ ထို ပုဂ္ဂိုလ်သည် သဒ္ဓါဗိုလ် ဟိရီဗိုလ် ဩတ္တပ္ပဗိုလ် ဝီရိယဗိုလ် ပညာဗိုလ်အားဖြင့် ဤသေက္ခဗိုလ် ငါးပါးတို့ကို အမှီပြု၍ နေ၏။ ထို ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေအားဖြင့် လွန်ကဲသော ဤဣန္ဒြေငါးပါးတို့သည် ထင်ရှားဖြစ်ကုန်၏။ ထို ပုဂ္ဂိုလ်သည် ဤဣန္ဒြေငါးပါးတို့၏ လွန်ကဲခြင်းကြောင့် အာသဝေါတရားတို့ကုန်ခြင်း၏ မိမိ၏ (အခြားမဲ့၌ အကျိုးပေးတတ်သော) မဂ်သမာဓိသို့ လျင်မြန်စွာ ရောက်၏။ ရဟန်းတို့ ဤအကျင့်ကို ချမ်းသာလွယ်ကူစွာကျင့်ရ၍ လျင်မြန်သော အသိ ဉာဏ်ရှိသော အကျင့်ဟု ဆိုအပ်၏။ (၁၀-မှတ်)

မေး-၁၀။ "လူဆိုတာ သေမျိုးချည်းပဲ"ဟူသော ဆိုရိုးစကားအရ သေခြင်းသဘောရှိပါလျက် သေခြင်းမှ ကြောက်သောသူတို့တွင် သုံးယောက်မြောက်ပုဂ္ဂိုလ်ကိုသာ အဘယသုတ်လာအတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ ပုဏ္ဏား နောက်တစ်မျိုးကား ဤလောက၌ အချို့သော သူသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှု (အကုသိုလ်) ကို မပြု၊ ကောင်းမှုကို ပြုပြီးဖြစ်၏၊ ကုသိုလ်ကို ပြုပြီးဖြစ်၏၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးဖြစ်၏၊ ထိုသူသို့ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုးကျရောက်၏၊ ပြင်းပြသော ရောဂါအနာ တစ်မျိုးမျိုး ကျရောက်သူအား "ငါသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှုကို မပြု၊ ကောင်းမှုကိုပြုပြီးပြီ၊ ကုသိုလ်ကို ပြုပြီးပြီ၊ ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးပြီ၊ အချင်းတို့ စင်စစ် မကောင်းမှုကို မပြုသော ကြမ်းကြုတ်မှုကို မပြုသော ညစ်နွမ်းမှုကို မပြုသော ကောင်းမှုကို ပြုပြီးသော ကြောက်မက်ဖွယ်မှ တားမြစ်ရေးကို ပြုပြီးသော သူတို့၏ လားရာ ဂတိဟူသမျှသို့ ဘဝနောင်ခါ ငါလားရတော့အံ့ တကား" ဟု အကြံဖြစ်၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ပုဏ္ဏားသေခြင်း သဘောရှိသည် ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။ (၁၀-မှတ်)။

CamScanner

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ဧကက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန်**

**မေးခွန်းနှင့် အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၃) ရက်၊ (၁၂. ၆. ၂၀၁၇) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●●

၁-မေး။ မဖြစ်သေးသော ကုသိုလ်များ ဖြစ်ပေါ်လာရန်, ဖြစ်ပြီးသော အကုသိုလ်များ ယုတ်လျော့သွားရန် လိုက်နာ ပြုလုပ်သင့်သော တရားများကို ဝီရိယာရမ္ဘာဒိဝဂ်မှ ဖော်ထုတ်ပြ၍၊ တိုးတက်ကြီးပွားခြင်း (ဝုဍ္ဎိ) လေးမျိုးကို ကလျာဏမိတ္တာဒိဝဂ်မှ ရှာဖွေတင်ပြပြီး၊ ကမ္ဘာလောကကြီးအတွင်းမှ သာသနာတော်ကြီးကွယ်ပျောက်သွားအောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးနှစ်ယောက်ကို ဒုတိယပမာဒါဒိဝဂ်မှ ထုတ်နုတ်ရေးသားပါ။

ဖြေ။ "မဖြစ်ပေါ်သေးသော ကုသိုလ်များ ဖြစ်ပေါ်လာရန်, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားများ ယုတ်လျော့သွားရန်" လိုက်နာ ပြုလုပ်သင့်သော တရားများ

၁။ သမ္မပ္ပဓာန်ဝီရိယကို ကြိုးစားအားထုတ်ခြင်း
၂။ လိုချင်မက်မောမှု မရှိသူ၏ဖြစ်ကြောင်း အလောဘရှိခြင်း
၃။ ကိုယ်ပိုင်ပစ္စည်းဖြင့် ရောင့်ရဲသူ၏ဖြစ်ကြောင်း အလောဘရှိခြင်း
၄။ ယောနိသောမနသိကာရ (သင့်တင်သော နှလုံးသွင်းမှုရှိခြင်း)
၅။ ကောင်းစွာခွဲခြားသိသူ၏ဖြစ်ကြောင်း သမ္ပဇဉ်ရှိခြင်း။ (အံ။ ၁။ ၁၁-၂)(၅-မှတ်)

**တိုးတက်ကြီးပွားခြင်း (ဝုဍ္ဎိ) လေးမျိုး**
၁။ ဆွေမျိုးတို့ တိုးတက်ကြီးပွားခြင်း ဉာတိဝုဍ္ဎိ၊
၂။ စည်းစိမ်ဥစ္စာတိုးတက်ကြီးပွားခြင်း ဘောဂဝုဍ္ဎိ၊
၃။ အခြံအရံ တိုးတက်ကြီးပွားခြင်း ယသဝုဍ္ဎိ၊
၄။ ပညာတိုးတက်ကြီးပွားခြင်း ပညာဝုဍ္ဎိ။ (အံ။ ၁။ ၁၃-၄)(၃-မှတ်)

ကမ္ဘာလောကကြီးအတွင်းမှ သာသနာတော်ကြီး ကွယ်ပျောက်သွားအောင်ပြုလုပ်နိုင်သော ပုဂ္ဂိုလ်တို့တွင် နောက်ဆုံးနှစ် ယောက်
၁။ ဘုရားဟောတော်မမူအပ်သော တရားကို ဘုရားဟော၏ဟု ပြဆိုသောသူ၊
၂။ ဘုရားဟောတော်မူအပ်သော တရားတို့ကို ဘုရားမဟောဟု ပြဆိုသောသူ။ (အံ။ ၁။ ၁၉) (၂-မှတ်)

CamScanner

၂-မေး။ ဓမ္မကထိကဧတဒဂ်ရာထူးရသော ရဟန်း. ရဟန်းမ. ဥပါသကာတို့ကို ညွှန်ပြ၍၊ ကာယဂတာသတိကို
ပွားများသောသူတို့ရနိုင်သော အစဆုံးအကျိုး (၇)မျိုးတို့ကို ကာယဂတာသတိဝဂ်မှ ထုတ်နှုတ်ဖြေဆိုပါ။

ဖြေ။ ဓမ္မကထိကဧတဒဂ်ရာထူးရသော ရဟန်း - မန္တာဏီပုဏ္ဏေးမ၏သားဖြစ်သော အရှင်ပုဏ္ဏ၊ (အံ၊ ၁၊ ၂၄)

ရဟန်းမ - ဓမ္မဒိန္နာ (အံ၊ ၁၊ ၂၆)

ဥပါသကာ - မစ္ဆိကာသဏ္ဍမြို့သားဖြစ်သော စိတ္တသူကြွယ်၊ (အံ၊ ၁၊ ၂၇)(၁+၁+၁=၃-မှတ်)

ကာယဂတာ သတိကို ပွားများသော သူတို့ရနိုင်သော အစဆုံး အကျိုး (၇)မျိုး

၁။ ကြီးစွာထိတ်လန့်ကြောင်း ဝိပဿနာဉာဏ်ဖြစ်ခြင်းအကျိုး၊

၂။ ကြီးစွာသော မဂ်လေးပါးရခြင်းအကျိုး၊

၃။ ယောဂလေးဖြာ သေးကုန်ရာ ဖိုလ်လေးပါးကို ရခြင်းအကျိုး၊

၄။ သတိနှင့်သမ္ပဇဉ်ကိုရခြင်းအကျိုး။

၅။ ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ရခြင်းအကျိုး။

၆။ ယခုကြုံတွေ့နေရသော မျက်မှောက်အတ္တဘော၌ ချမ်းသာစွာနေရခြင်းအကျိုး၊

၇။ ဝိဇ္ဇာဝိမုတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းအကျိုး၊ (အံ၊ ၁။ ၄၄)(၇-မှတ်)

၃-မေး။ သတ္တလောက၌ ခက်ခဲစွာဖြစ်စေအပ်ကုန်သော ဝီရိယနှစ်မျိုးတို့ကို ဖော်ပြ၍၊ ဒုကနိပါတ် ပဌမပဏ္ဏာသက ဗာလဝဂ်လာ လူမိုက် နှစ်မျိုးကို ဖြေဆိုပြီး၊ လူသူအရောက်အပေါက်နည်းသော တောကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူခြင်း၏ အကြောင်းနှစ်ချက်ကိုလည်း ဖြေဆိုပါ။

ဖြေ။ သတ္တလောက၌ ခက်ခဲစွာဖြစ်စေအပ်ကုန်သော ဝီရိယနှစ်မျိုး

၁။ အိမ်၌နေကုန်သော လူတို့၏ ဆွမ်းသင်္ကန်းကျောင်းဆေးဟူသော ပစ္စည်းလေးပါးတို့ကိုလှူဒါန်းခြင်းငှါအားထုတ်ခြင်း ဝီရိယ။

၂။ ရဟန်းတို့၏ အားလုံးသောဥပဓိတို့ကို စွန့်လွှတ်ပယ်ရှားရာ နိဗ္ဗာန်အကျိုးငှါ အားထုတ်ခြင်းဝီရိယ။

(အံ။ ၁။ ၅၁)(၄-မှတ်)

ဒုကနိပါတ် ပဌမပဏ္ဏာသက ဗာလဝဂ်လာ လူမိုက် နှစ်မျိုး ...

၁။ အပြစ်ကို အပြစ်ဟူ၍ မမြင်သောသူ၊

၂။ အပြစ်ကိုဖွင့်ဟဝန်ခံတောင်းပန်သောသူအား ဟုတ်မှန်သောသဘောအားလျော်စွာ သည်းမခံ ခွင့်မလွှတ်သောသူ

(အံ။ ၁။ ၆၀)(၃-မှတ်)

လူသူအရောက်အပေါက်နည်းသော တောကျောင်း၌ ဘုရားရှင်သီတင်းသုံးတော်မူခြင်း အကြောင်းနှစ်ချက် -

၁။ မိမိ၏ယခုမျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်း လောကီ လောကုတ္တရာအကျိုးကိုမြင်တော်မူသောကြောင့် လည်းကောင်း၊

၂။ နောက်၌ဖြစ်သော လူရှင်ရဟန်းအပေါင်းကို သနားတော်မူသောကြောင့်လည်းကောင်း။ (အံ။ ၁။ ၆၂)(၃-မှတ်)

CamScanner

၄-မေး။ ဒုကနိပါတ် ဒုတိယပဏ္ဏာသက သုခဝဂ်လာ အမြတ်ဆုံးချမ်းသာသုခတို့မှ ရွေး(၃)မျိုးကို ရေး၍ မှန်ကန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိဖြစ်ပေါ်လာရန် ပြည့်စုံရမည့်အင်္ဂါနှစ်ချက်ကို ဖော်ပြပြီး၊ ဝိနည်းသိက္ခာပုဒ်ပညတ်ခြင်းကြောင့် ရရှိသောအကျိုး တို့တွင် နောက်ဆုံး (၂)ပါးကိုသာ ဖြေဆိုပါ။

ဖြေ။ ဒုကနိပါတ် ဒုတိယပဏ္ဏာသက သုခဝဂ်လာ အမြတ်ဆုံးချမ်းသာသုခတို့မှ ရွေး(၃)မျိုး -

၁။ ရဟန်းတို့၏ချမ်းသာသုခ၊

၂။ အိမ်အနှောင်အဖွဲ့မှ ထွက်မြောက်သော ရဟန်းအဖြစ်ကို အာရုံပြု၍ဖြစ်သော ချမ်းသာသုခ။

၃။ ဥပဓိသုခ၏ ဆန့်ကျင်ဘက်လောကုတ္တရာသုခ၊ (အံ။ ၁။ ၇၉)(၃-မှတ်)

မှန်ကန်စွာ သိမြင်တတ်သော သမ္မာဒိဋ္ဌိဖြစ်ပေါ်လာရန် ပြည့်စုံရမည့်အင်္ဂါ နှစ်ချက် -

၁။ သမ္မာအယူရှိသော အခြားသူထံမှ သူတော်ကောင်းတရားကို နာရခြင်း

၂။ ယောနိသောမနသိကာရ ရှိခြင်း (အံ။ ၁။ ၈၇)(၄-မှတ်)

ဝိနည်းသိက္ခာပုဒ်ပညတ်ခြင်းကြောင့် ရသောအကျိုးတို့မှ နောက်ဆုံး (၂)ပါး -

၁။ သူတော်ကောင်းတရား၏ ကြာရှည်စွာ တည်တန့်ခြင်းအကျိုး၊

၂။ ဝိနည်းကို ချီးမြှောက်ခြင်းအကျိုး။ (၃-မှတ်)(အံ၊၁၊၉၇၊)

CamScanner

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၅-မေး။ မရသေးသော စည်းစိမ်ဥစ္စာများ ရရှိရန်, ရရှိပြီးသော စည်းစိမ်ဥစ္စာများ တိုးပွားအောင် ပြုလုပ်နိုင်သော စီးပွားရေး လုပ်ငန်းရှင် ကုန်သည်တစ်ယောက်ဖြစ်ရန် ပြည့်စုံရမည့်အင်္ဂါတို့ကို ဖော်ပြ၍၊ သံသရာကျင်လည်ရာ ဘဝတစ်ခွင်တွင် မိမိဘဝအတွက် ကျေးဇူးအများဆုံးဖြစ်နိုင်သော ဆရာသုံးမျိုးကို တိကနိပါတ် ပုဂ္ဂလဝဂ် ဗဟုကာရသုတ်မှ ထုတ်နုတ်တင်ပြပြီး၊ အကြီးအကဲအရာ၌ ထား၍ဖြစ်ပေါ်လာစေအပ်သော ဂုဏ်တို့ကိုလည်း ထုတ်ပြပါ။

ဖြေ။ မရသေးသော စည်းစိမ်ဥစ္စာများ ရရှိရန်, ရရှိပြီးသော စည်းစိမ်ဥစ္စများ တိုးပွားအောင်ပြုလုပ်နိုင်သော စီးပွားရေး လုပ်ငန်းရှင် ကုန်သည်တစ်ယောက်ဖြစ်ရန် ပြည့်စုံရမည့်အင်္ဂါများ

၁။ နံနက်ပိုင်း အချိန်၌ အရောင်းအဝယ်လုပ်ငန်းကို ကြိုးစားအားထုတ် ပြုလုပ်ခြင်း၊

၂။ နေ့လည်ပိုင်း အချိန်၌ အရောင်းအဝယ်လုပ်ငန်းကို ကြိုးစားအားထုတ် ပြုလုပ်ခြင်း၊

၃။ ညနေပိုင်း အချိန်၌ အရောင်းအဝယ်လုပ်ငန်းကို ကြိုးစားအားထုတ် ပြုလုပ်ခြင်း၊ (အံ။ ၁။ ၁၁၃)(၃-မှတ်)

သံသရာကျင်လည်ရာ ဘဝတစ်ခွင်တွင် မိမိဘဝအတွက် ကျေးဇူးအများဆုံးဖြစ်နိုင်သော ဆရာသုံးမျိုး

၁။ သရဏဂုံတည်အောင် လုပ်ပေးသောဆရာ၊

၂။ သစ္စာလေးအင် သိမြင်ကာ သောတာပန်ဖြစ်အောင် လုပ်ပေးသော ဆရာ၊

၃။ ရဟန္တာဖြစ်အောင် လုပ်ပေးသော ဆရာ။ (အံ။ ၁။ ၁၂၁)(၄-မှတ်)

အကြီးအကဲအရာ၌ထား၍ ဖြစ်ပေါ်လာစေအပ်သော ဂုဏ်များ -

၁။ မိမိဟူသော အကြီးအကဲမှ ဖြစ်ပေါ်လာသောဂုဏ်၊

၂။ သတ္တလောကဟူသော အကြီးအကဲမှ ဖြစ်ပေါ်လာသော ဂုဏ်၊

၃။ လောကုတ္တရာတရားဟူသော အကြီးအကဲမှ ဖြစ်ပေါ်လာသော ဂုဏ်၊ (အံ။ ၁။ ၁၄၆)(၃-မှတ်)

CS CamScanner

၆ - မေး။ ပါဠိပဟာရိယသုံးမျိုးတို့တွင် နောက်ဆုံးပါဠိပဟာရိယ၏ အဓိပ္ပါယ်အကျယ်ကို ဖော်ပြ၍၊ အခြားသော ပုဂ္ဂိုလ်တို့က မနှိပ်ကွပ်နိုင်, အခြားသောပုဂ္ဂိုလ်တို့က မညစ်နွမ်းစေနိုင်သော တရားလေးမျိုးတို့ကို ဖြေဆိုပြီး၊ ဥပုသ်နေ့၌ နိဂဏ္ဌတို့၏ ဩဝါဒစကားကို လည်း ရေးသားပြခဲ့ပါ။

ဖြေ။ ပါဠိပဟာရိယသုံးမျိုးတို့တွင် နောက်ဆုံးပါဠိပဟာရိယ၏အဓိပ္ပါယ်အကျယ် -

အချို့သော သူသည် ဤသို့ ဆုံးမ၏ " ဤနေကန္ဓမ္မဝိတက်စသည်ကို ကြံစည်ကြကုန်လော၊ ဤကာမဝိတက်စသည်ကို မကြံစည် ကြကုန်လင့်၊ ဤအနိစ္စသညာစသည်ကို နှလုံးသွင်းကြကုန်လော၊ ဤနိစ္စသညာစသည်ကို နှလုံးမသွင်းကြကုန်လင့်၊ ဤကာမ ဂုဏ်တို့၌ တပ်မက်သော ရာဂကို ပယ်စွန့်ကြကုန်လော၊ ဤမဂ်တရားသို့ရောက်၍ နေကြကုန်လော" ဟု ဆုံးမခြင်း။ (အံ။ ၁။ ၁၇၁)(၃ - မှတ်)

အခြားသော ပုဂ္ဂိုလ်တို့က မနှိပ်ကွပ်နိုင်, အခြားသောပုဂ္ဂိုလ်တို့က မညစ်နွမ်းစေနိုင်သော တရားလေးမျိုး -

၁။ ခြောက်မျိုးသော ဓာတ်သဘော၊

၂။ ခြောက်မျိုးသော ဝိပါက်ဖဿ၏ ဖြစ်ရာဌာန၊

၃။ တစ်ဆယ့်ရှစ်မျိုးသော ထိုထိုအာရုံသို့ ကပ်ရောက်၍ စိတ်၏အမျိုးမျိုးအဖုံဖုံဖြစ်ခြင်းသဘော၊

၄။ လေးပါးသော အရိယသစ္စာ။ (အံ။ ၁။ ၁၇၆)(၁+၁+၁+၁ = ၄ - မှတ်)

ဥပုသ်နေ့၌ နိဂဏ္ဌတို့၏ ဩဝါဒ -

အမောင်ယောကျ်ား လာပါလော၊ အလုံးစုံသောကိုယ်အဝတ်အထည်တို့ကို ချွတ်ထားပြီး၍ ဤသို့ ဆိုပါ "ငါသည် မည်သည့်နေရာဌာန,မည်သည့်ကာလ၌မျှ အခြားတစ်စုံတစ်ယောက်၏မျှ ငဲ့ကွက်ဖွယ် ပလိဗောဓ၏ အဖြစ်၌ မဖြစ်၊ ထိုမျှမကသေး ငါ၏လည်း အတွင်းပြင်ပ တနေရာရာဌာန၌ မည်သည့်ပစ္စည်းအသုံးဆောင်၌မျှ ငဲ့ကွက်ဖွယ် ပလိဗောဓ၏အဖြစ်သည် မရှိ" ဤသို့ဆိုပါလော။ (အံ။ ၁။ ၂၀၇)(၃ - မှတ်)

CS CamScanner

၇-မေး။ ရာဂတရား၏ စွမ်းအင်များကို အာနန္ဒဝဂ် ဆန္ဒသုတ်မှ ထုတ်ပြ၍၊ တိကနိပါတ် လောကကပလ္လဝဂ် ပဝိဝေကသုတ်လာ ဆိတ်ငြိမ်သော အိပ်ရာနေရာကျောင်းသရုပ်ကို ဖြေဆိုပြီး၊ တိကနိပါတ် ယောဓာဇီဝဝဂ် ပရိသာသုတ်လာ ပရိသတ် သုံးမျိုးကိုလည်း ဖော်ပြပါ။

ဖြေ။ ရာဂတရား၏ စွမ်းအင်များ

ပညာမျက်စိကို ကန်းအောင်ပြုတတ်ခြင်း၊ ပညာမျက်စိကို မပြုတတ်ခြင်း၊
ဉာဏ်ပညာကို မပြုတတ်ခြင်း၊ ပညာကို ချုပ်ပျောက် ကွယ်ပစေတတ်ခြင်း၊
ညှင်းပန်းနှိပ်စက်တတ်သောဒုက္ခ၏ အသင်းအပင်း၌ဖြစ်ခြင်း၊
ကိလေသာ၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကို မဖြစ်စေတတ်ခြင်း။ (အံ။ ၁။ ၂၁၇)(၄-မှတ်)

တိကနိပါတ် လောကကပလ္လဝဂ် ပဝိဝေကသုတ်လာ ဆိတ်ငြိမ်သော အိပ်ရာနေရာကျောင်းသရုပ်- တော, သစ်ပင် အနီး, သုသာန်, လူသူ အရောက်နည်းသော တောကြီး, ဟင်းလင်းပြင်အရပ်, ကောက်ရိုးပုံလျှိုခေါင်း, ကောက်ရိုးအိမ်။ (အံ။ ၁။ ၂၄၃)(၃-မှတ်)

တိကနိပါတ် ယောဓာဇီဝဝဂ် ပရိသာသုတ်လာ ပရိသတ်သုံးမျိုး -

၁။ မမေးမြန်းမူ၍ ဆုံးမပဟောပြောအပ်သော ပရိသတ်၊

၂။ မေးမြန်း၍ ဆုံးမပဟောပြောအပ်သောပရိသတ်၊

၃။ အတိုင်းအတာဖြင့် ဆုံးမပဟောပြောအပ်သော ပရိသတ်။ (အံ။ ၁။ ၂၈၉)(၃-မှတ်)

CS CamScanner

၈-မေး။ သံဃာကို တင့်တယ်စေတတ်ကုန်သော ပရိသတ်လေးမျိုးတို့၏ ဂုဏ်ရည်တို့ကို ထုတ်ပြ၍၊ ပြဟ္မစရိယခေါ်မြတ်သော အကျင့်တော်ကို ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်တို့ကို ရေးကာ၊ သီလစသော ဂုဏ်ရောင်တို့ဖြင့် မထွန်းလင်း မတောက်ပ မတင့်တယ်နိုင်ကြရသော ရဟန်းတော်တို့၏ အညစ်အကြေးလေးမျိုးတို့ကိုလည်း ဖော်ပြပါ။

ဖြေ။ သံဃာကို တင့်တယ်စေတတ်ကုန်သော ပရိသတ်လေးမျိုးတို့၏ ဂုဏ်ရည်များ -

လိမ္မာထက်မြက်ခြင်း၊ ကိလေသာတို့ကို နှိပ်ကွပ်ပယ်ရှားခြင်း၊ ကြောက်ရွံ့ခြင်းကင်း ရဲတင်းခြင်း၊ ဗဟုသုတရှိခြင်း၊ သုံးဖြာပိဋကတ် ပရိယတ်တရားတို့ကို နှုတ်တက်အာဂုံ ဆောင်ရွက်မှတ်သားနိုင်ခြင်း၊ လောကုတ္တရာတရားအားလျော်သော သီလ သမထ ဝိပဿနာ အကျင့်တရားတို့ကိုကျင့်ခြင်း ။

(အံ။ ၁။ ၃၁၄)(၄-မှတ်)

ပြဟ္မစရိယခေါ်မြတ်သော အကျင့်တော်ကို ကျင့်သုံးရခြင်း၏ ရည်ရွယ်ချက်များ -

အကုသိုလ်တရားတို့ကိုပိတ်ပင်တားဆီးခြင်းအကျိုးငှါ၊ အကုသိုလ်တရားတို့ကိုပယ်စွန့်ခြင်းအကျိုးငှါ၊ ရာဂစသည်တို့၏ ကုန်ခန်း ပျက်စီးခြင်း အကျိုးငှါ၊ ရာဂစသည်တို့၏ ချုပ်ငြိမ်းခြင်းငှါ။ (အံ။ ၁။ ၃၃၄)(၃-မှတ်)

သီလစသော ဂုဏ်ရောင်တို့ဖြင့် မထွန်းလင်းမတောက်ပ မတင့်တယ်နိုင်ကြရသော ရဟန်းတော်တို့၏ အညစ်အကြေး လေးမျိုး ...

၁။ သေရည်အရက်ကို သောက်ခြင်း၊ ၂။ မေထုန်အကျင့်ကို မှီဝဲခြင်း၊
၃။ ရွှေငွေတို့ကို သာယာခြင်း၊ ၄။ မှားယွင်းသော မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း။ (အံ။ ၁။ ၃၆၃)(၃-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၉-မေး။ လောကကြီးအတွင်း၌ဝယ် ရနိုင်ဖို့ ခက်ခဲသော နှစ်သက်မြတ်နိုးဖွယ်ရာများကို ရနိုင်ရန် ပြည့်စုံရမည့်အချက်တို့ကို ထုတ်ပြ၍၊ စတုက္ကနိပါတ် အပဏ္ဏကဝဂ် သပ္ပုရိသသုတ်လာ ပထမအသပ္ပုရိသပုဂ္ဂိုလ်ကို ပေါ်လွင်အောင် ရေးပြီး၊ ပထမဝလာဟက သုတ်လာ စတုတ္ထမိုးတိမ်နှင့်တူသော ပုဂ္ဂိုလ်ကိုလည်း ဖော်ပြပါ။

ဖြေ။ လောကကြီးအတွင်း၌ဝယ် ရရှိနိုင်ရန်ခက်ခဲသော နှစ်သက်မြတ်နိုးဖွယ်အရာတို့ကို ရရှိနိုင်ရန်ပြည့်စုံရမည့်အရာများ သဒ္ဓါ၏ပြည့်စုံခြင်း၊ သီလ၏ပြည့်စုံခြင်း၊ စာဂ၏ပြည့်စုံခြင်း၊ ပညာ၏ပြည့်စုံခြင်း၊ (အံ။ ၁။ ၃၇၇)(၃-မှတ်)

စတုက္ကနိပါတ် အပဏ္ဏကဝဂ် သပ္ပုရိသသုတ်လာ ပထမအသပ္ပုရိသပုဂ္ဂိုလ်-

သူတပါး၏ ကဲ့ရဲဖွယ်အပြစ်ကို မမေးသော်လည်း ထင်ရှားပြတတ်သူ၊ မေးအပ်ပါမူကား (သူတပါးအပြစ်ကို ထင်ရှားဖော်ပြ၏ဟု အထူးပြောဆိုဖွယ်မလိုအောင်) ပြောဆိုတတ်သူ၊ သူတပါးက မေးမြန်းအပ်သော် မယုတ်လျှော့စေဘဲ အချိန်မဆွဲဘဲ ပြည့်စုံစွာ အကျယ်တဝင့် ပြောတတ်သူဖြစ်ပါသည်။ (အံ။ ၁။ ၃၈၉)(၄-မှတ်)

ပထမဝလာဟကသုတ်လာ စတုတ္ထမိုးတိမ်နှင့်တူသော ပုဂ္ဂိုလ်-

ပြောလည်းပြော၊ လုပ်လည်းလုပ်သော ပုဂ္ဂိုလ်သည် ထစ်ချုန်းလည်းထစ်ချုန်း၊ ရွာလည်းရွာသော မိုးတိမ်နှင့်တူသည်။

(အံ။ ၁။ ၄၁၇)(၃-မှတ်)

CS CamScanner

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁၀ - မေး။ စတုက္ကနိပါတ် ပုဂ္ဂလပဏ်ဏတ်ပါဠိတော်လာ စတုတ္ထဓမ္မကထိကကို ပေါ်လွင်အောင် ရေး၍ သစ္စကရဏီယသုတ်လာ နာမကာယ, သတိ, ဒိဗ္ဗစက္ခု, ပညာတို့ဖြင့် မျက်မှောက်ပြုထိုက်သော တရားတို့ကိုလည်း အစဉ်တကျ ဖော်ပြပါ။

ဖြေ။ စတုက္ကနိပါတ် ပုဂ္ဂလပဏ်ဏတ်ပါဠိတော်လာ စတုတ္ထဓမ္မကထိက -

ဓမ္မကထိကသည် ပြောက်များစွာလည်း ပြောပဟော၏၊ အကျိုးစီးပွားနှင့်တကွဖြစ်အောင်လည်း ပြောပဟော၏၊ ထိုဓမ္မကထိက၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် တကွဖြစ်သော စကား, မဖြစ်သော စကား၌ ကျွမ်းကျင်သည် ဖြစ်၏၊ ဤသို့ သဘောရှိသော ဓမ္မကထိကသည် ဤသို့သော ပရိသတ်၏ ဓမ္မကထိကဟု ခေါ်အပ်၏။

(အံ။ ၁။ ၄၅၅) (၅ - မှတ်)

သစ္စကရဏီယသုတ်လာ နာမကာယ, သတိ, ဒိဗ္ဗစက္ခု, ပညာ - တို့ဖြင့် မျက်မှောက်ပြုထိုက်သော တရားများ -

နာမကာယဖြင့် ဝိမောက္ခတရား ရှစ်ပါးကို၊

သတိဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို၊

ဒိဗ္ဗစက္ခုဖြင့် သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေကို၊

ပညာဖြင့် အာသဝတရားတို့၏ ကုန်ကြောင်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြသည်။ (အံ။ ၁။ ၅၀၂) (၅ - မှတ်)

CS CamScanner

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**စက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလဆန်း (၆) ရက်၊ (၁၈. ၆. ၂၀၁၈) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ၊ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ဧတဒဂ် ၅-တန်ရ အရှင်အာနန္ဒာထေရ်ဟု ဆိုကြရာ ယင်းဧတဒဂ် ၅-တန်ကို ဖော်ပြ၍၊ သားသတ်လုပ်ငန်းလုပ်ကိုင်၍ ကြီးပွားချမ်းသာနေသည်ဟု ဆိုက ယင်းအဆို ဖြစ်နိုင်/မဖြစ်နိုင် စေကနိပါတ်ပါဠိတော်ကို ရှု၍ သုံးသပ်ဆုံးဖြတ်ပါ။

၁။အဖြေ==
ဧတဒဂ်(၅)တန်--
၁။ များသော ပရိယတ္တိဓမ္မသုတရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်
၂။ လွန်ကဲသော သတိရှိသော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်
၃။ လွန်ကဲသော ဉာဏ်ပညာရှိကုန်သော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်
၄။ လွန်ကဲသော ဝီရိယရှိကုန်သော ရဟန်းတို့တွင် အမြတ်ဆုံးဧတဒဂ်
၅။ မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးကြသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ် (အံ၁-၂၅) (၅-မှတ်)

သားသတ်လုပ်ငန်းလုပ်ကိုင်၍ ကြီးပွားချမ်းသာနေသည် ဆိုခြင်းသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် အကုသိုလ်တို့သည် အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် အကျိုးတရားကို ပေးခြင်းသဘောသည်မရှိဟု ဆိုသော စေကနိပါတ် အဋ္ဌာနပါဠိတော်လာ စကားကို ထောက်၍ မဖြစ်နိုင်၊ (အံ ၁-၃၈) (၅-မှတ်)

---

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**စက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း**

၂။ လူဦးရေတိုးပွားနေသည်ဟု ဆိုကြသော ယနေ့ခေတ်ကမ္ဘာတွင် လူဖြစ်ရခြင်းသည် အမှန်တကယ် လွယ်ကူခြင်း ရှိ/မရှိ စေကနိပါတ် စေကဓမ္မပါဠိရှုကာ ဆုံးဖြတ်ပြီး၊ လောက၌ ဖြစ်စေနိုင်ဖို့ ခဲယဉ်းသော ဝီရိယ ၂-မျိုးတို့ကို ပဓာနသုတ္တန်ရှုကာ ဖော်ပြ၍၊ စေတီတည်ထားထိုက်သူ ၂-ဦးတို့ကိုလည်း ဖြေဆိုပါ။

၂။ အဖြေ==
လူဦးရေ တိုးပွားသည်ဟု ဆိုကြသော်လည်း လူ၌ဖြစ်သော သတ္တဝါသည် အနည်းငယ်သာ ရှိ၍ လူမှတပါး အခြားသော သတ္တဝါတို့၌ ဖြစ်ကြသော သတ္တဝါတို့က များပြားသောကြောင့် အခြားသော သတ္တဝါတို့နှင့် နှိုင်းယှဉ်ပါက လူဖြစ်ရခြင်းသည် လွယ်ကူမှုမရှိပါ။ (အံ ၁-၃၇/၃၉) (၄-မှတ်)
ဖြစ်စေနိုင်ဖို့ ခဲယဉ်းသော ဝီရိယ ၂-မျိုး
(၁) အပ်၌နေသူလူတို့၏ သင်္ကန်း ဆွမ်း ကျောင်း ဆေးပစ္စည်းတို့ကို လှူဒါန်းခြင်း၌ အားထုတ်မှုဝီရိယ။
(၂) ရဟန်းတို့၏ ဥပဓိအားလုံးတို့ကို ပယ်စွန့်ရာ နိဗ္ဗာန်အကျိုး၌ အားထုတ်မှုဝီရိယ။ (အံ ၁-၅၁) (၄-မှတ်)

စေတီတည်ထားထိုက်သူ ၂-ဦး -- သမ္မာသမ္ဗုဒ္ဓဘုရားရှင်နှင့် စကြဝတေးမင်း။ (အံ ၁ - ၇၆)(၂-မှတ်)

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ဧက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၃။ အရှင်အာနန္ဒာထေရ်အား မြတ်ဗုဒ္ဓမိန့်ကြားသော သုစရိုက်ပြုခြင်း၏ အကျိုးအာနိသင် ၅-ပါးတို့ကို ဖော်ပြပြီး၊ ဒုက နိပါတ်ပါဠိတော်လာ နမော တဿ-စသော ဥဒါန်းကို ကျူးရင့်သောသူ၏ အမည်နှင့် နေရာဌာနတို့ကိုလည်း တင်ပြပါ။

၃။ အဖြေ==

သုစရိုက်ပြုခြင်းအကျိုး (၅) ပါး--

(၁) မိမိကိုယ်တိုင်လည်း မစွပ်စွဲခြင်း

(၂) ဉာဏ်ဖြင့် သိမြင်၍ ပညာရှိတို့ ချီးကျူးပြောဆိုကြခြင်း

(၃) ကောင်းသော ကျော်စောသံ ပျံ့နှံ့၍တက်ခြင်း

(၄) မတွေမဝေသေရခြင်း

(၅) သေသည်မှနောက်၌ သုဂတိဘုံဘဝသို့ ရောက်ရခြင်း (အံ ၁-၅၉) (၅-မှတ်)

နမော တဿ -စသော ဥဒါန်းကျူးရင့်သူ-- အာရာမဒဏ္ဍပြာဟ္မဏ၊ (၃-မှတ်)

နေရာဌာန-- ဝရဏာမြို့၊ ဘဒ္ဒသာရီမြစ်ကမ်းနား။(အံ ၁-၆၆/၆၇) (၂-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ဧက+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၄။ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီရှိကြသော လောက၌ အရှင်သမိဒ္ဓိ, အရှင်မဟာကောဋ္ဌိက, အရှင်သာရိပုတ္တရာတို့ နှစ်သက်ကြသော ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ အသီးအသီး တွဲစပ်ဖော်ပြပြီး၊ အများအမြင်၌ လူဆိုးကြီးပမာ ဖြစ်နေရရှာသော ယမမင်း၏ တောင့်တချက် ၅-မျိုးတို့ကိုလည်း သိမှတ်ဖွယ်ရာ ရေးသားပါ။

၄။ အဖြေ==

အရှင်သမိဒ္ဓိသည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ကို နှစ်သက်၏၊ ထိုပုဂ္ဂိုလ်၏ သဒ္ဓိန္ဒြေသည် လွန်ကဲသောကြောင့်။

အရှင်မဟာကောဋ္ဌိကသည် ကာယသက္ခိပုဂ္ဂိုလ်ကို နှစ်သက်၏၊ ထိုပုဂ္ဂိုလ်၏ သမာဓိန္ဒြေသည် လွန်ကဲသောကြောင့်။

အရှင်သာရိပုတ္တရာသည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ကို နှစ်သက်၏၊ ထိုပုဂ္ဂိုလ်၏ ပညိန္ဒြေသည် လွန်ကဲသောကြောင့်။(အံ ၁-၁၁၈/၁၁၉)

(၅-မှတ်)

ယမမင်း တောင့်တချက်(၅)မျိုး--

(၁) လူ့အဖြစ်ကို ရလိုခြင်း

(၂) လောက၌ အရဟံ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားရှင်ပွင့်တော်မူခြင်း

(၃) ထိုဘုရားရှင်အား ဆည်းကပ်ခွင့်ရခြင်း

(၄) ထိုဘုရားရှင်က တရားဟောတော်မူခြင်း

(၅) ဘုရားရှင်၏ တရားတော်ကို ထိုးထွင်းသိခြင်း။ (အံ ၁-၁၄၀) (၅-မှတ်)

CamScanner

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ဓကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၅။ လောက၌ (က) အောင်မြင်စွာ ဟောကြားအပ်သောတရား၊ (ခ) ကောင်းစွာကျင့်ကြံအားထုတ်နေသူ-တို့ဟူသည် အဘယ်နည်း? အာဇီဝသုတ်ကို ရှုကာ ဖြေဆိုပြီး၊ အသက်ကိုပင် မငဲ့မကွက် ခက်ခဲစွာ ကျင့်ကြံအားထုတ်ရသည့် အကျင့်ဟုဆိုတိုင်း အမှန်တကယ် အကျိုးရှိ/မရှိ စိစစ်ဝေဖန်ပါ။

၅။ အဖြေ==

(က) ကောင်းစွာ ဟောကြားအပ်သောတရား-- ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်းငှာ ဟောကြားအပ်သောတရား။

(ခ) ကောင်းစွာကျင့်ကြံအားထုတ်နေသူ-- ရာဂ ဒေါသ မောဟတို့ကို ပယ်ခြင်းငှာ ကျင့်ကြံအားထုတ်နေသူ။(အံ၁-၂၁၈)

(၃×၃=၆မှတ်)

အသက်ကိုပင် မငဲ့မကွက် ခက်ခဲစွာ ကျင့်ကြံအားထုတ်ရသော အကျင့်သည် ယင်းအကျင့်ကို ကျင့်ခြင်း မှီဝဲခြင်းကြောင့် အကုသိုလ်တရားများ တိုးပွားလာ၍ ကုသိုလ်တရားများ ဆုတ်ယုတ်လာပါက အကျိုးမရှိ- ဟုမှတ်ရမည်။ ယင်းအကျင့်ကို ကျင့်ခြင်း မှီဝဲခြင်းကြောင့် အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားလာပါက အကျိုးရှိသည်-ဟု မှတ်ရမည်။ (အံ ၁-၂၂၅) (၄-မှတ်)

---


## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ဓကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း


၆။ လေအောက်လေညာမရွေး သင့်ပျံ့မွှေးသော ရနံ့တို့ကို ဖော်ပြ၍၊ အခြားစကြာဝဠာ လောကဓာတ်၌ တာဝတိံသာ နတ်ပြည် ရှိ/မရှိ အကြောင်းပြ ဆုံးဖြတ်ကာ၊ စိတ်ကိုမစောင့်စည်းခြင်းကြောင့် ဖြစ်နိုင်သော အပြစ်အဆက်ဆက် ကိုလည်း အရက္ခိတသုတ်ကို ရှုကာ ထုတ်နုတ်ရေးသားပါ။

၆။ အဖြေ==

လေအောက်လေညာမွှေးသော ရနံ့များ-- သရဏဂုံရနံ့၊ သီလရနံ့၊ ဒါနရနံ့။ (အံ ၁- ၂၂၆/၂၂၇) (၃-မှတ်)

အခြားစကြာဝဠာလောကဓာတ်၌လည်း တာဝတိံသာနတ်ပြည် ရှိသည်။

အကြောင်း- တစ်ထောင်အုပ်စုဖြစ်သော သေးငယ်သောလောကဓာတ်ဟုဆိုအပ်သော လ နေတို့ လှည့်လည်ရာဖြစ်သော စကြာဝဠာလောကဓာတ်တစ်ထောင်၌ တာဝတိံသာနတ်ပြည်ပေါင်း တစ်ထောင်ရှိသောကြောင့်။(အံ ၁-၂၂၈) (၃-မှတ်)

စိတ်ကို မစောင့်စည်းခြင်းကြောင့် ဖြစ်နိုင်သော အပြစ်များ= စိတ်ကို မစောင့်စည်းလသော် ကာယကံ ဝစီကံ မနောကံတို့ကို မစောင့်စည်းနိုင်ခြင်း၊ ထိုသို့ ကာယကံ ဝစီကံ မနောကံတို့ကို မစောင့်စည်းသောသူ၏ ကာယကံ ဝစီကံ မနောကံတို့သည် ကိလေသာတို့ဖြင့် စိုစွတ်ခြင်း၊ ထိုသို့ ကာယကံ ဝစီကံ မနောကံတို့ ကိလေသာစိုစွတ်သောသူ၏ ကာယကံ ဝစီကံ မနောကံတို့ ပုတ်ဆွေးခြင်း၊ ပုတ်ဆွေးသော ကာယကံ ဝစီကံ မနောကံရှိသောသူအား ကောင်းသော သေဆုံးကွယ်လွန်မှု မဖြစ်နိုင်ခြင်း။ (အံ ၁-၂၆၄) (၄-မှတ်)

CS CamScanner

## အပိုင်း (၅) အင်္ဂုတ္တရနိကာယ
## ကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၇။ မိမိ၏လူ ဖြစ်စေဖို့ သိမ်းသွင်းနည်းအသွယ်သွယ်ဟု ဆိုနိုင်သော သင်္ဂဟဝတ္ထု ၄-မျိုးတို့ကို သတိပြုမိစေရန် ရေးသားပြီး၊ အရောင်းအဝယ်လုပ်ကြသော ကုန်သည်တို့အရှုံး/အမြတ် ကွာခြားကုန်ကြခြင်းအကြောင်းကို ကုန်သည်များ သတိပြုမိစေရန် ဝဏိဇ္ဇသုတ္တန်ရှုထောင့်အရ ဖြေဆိုပါ။

၇။ အဖြေ==

သင်္ဂဟဝတ္ထု ၄- မျိုး--]

(၁) ပေးကမ်းခြင်း ဒါန၊

(၂) ချစ်ခင်စဖွယ် စကားပြောဆိုခြင်း ပေယျဝဇ္ဇ၊

(၃) အကျိုးစီးပွားကို အားထုတ်ပြုလုပ်ပေးခြင်း အတ္ထစရိယ၊

(၄) မိမိနှင့် တန်းတူရည်တူထားခြင်း သမာနတ္တတာ။ (အံ ၁- ၃၄၇) (၄-မှတ်)

(၁) သမဏဗြာဟ္မဏတို့ကို ပစ္စည်းဖြင့် ဖိတ်မန်ပြီး ထိုဖိတ်မန်ထားသော ပစ္စည်းဝတ္ထုကို လှူဒါန်းနိုင်ပါလျက် နမြော၍ မပေးလှူခဲ့လျှင် ကုန်ရောင်း/ဝယ်သောအခါ ပျက်စီးဆုံးရှုံးရသည်။

(၂) သမဏဗြာဟ္မဏတို့ကို ပစ္စည်းဖြင့် ဖိတ်မန်ပြီး ထိုဖိတ်မန်ထားသော ပစ္စည်းဝတ္ထုကို ရည်မှန်းထားသလောက် မပေးလှူခဲ့လျှင် ကုန်ပစ္စည်းရောင်းဝယ်သောအခါ မျှော်မှန်းသလောက် အကျိုးမရတော့။

(၃) သမဏဗြာဟ္မဏတို့ကို ပစ္စည်းဖြင့် ဖိတ်မန်ပြီး ထိုဖိတ်မန်ထားသော ပစ္စည်းဝတ္ထုကို ရည်မှန်းထားသည့်အတိုင်း ပေးလှူခဲ့လျှင် ကုန်ပစ္စည်းရောင်းဝယ်သောအခါ မျှော်မှန်းသလောက် အကျိုးရသည်။

(၄) သမဏဗြာဟ္မဏတို့ကို ပစ္စည်းဖြင့် ဖိတ်မန်ပြီး ထိုဖိတ်မန်ထားသော ပစ္စည်းဝတ္ထုထက် ရည်မှန်းထားသည်ထက် ပိုလွန်အောင် ပေးလှူခဲ့လျှင် မျှော်မှန်းထားသည်ထက် အကျိုးအမြတ်ပိုရသည်။(အံ ၁-၃၉၃/၃၉၄) (၆-မှတ်)

---

## အပိုင်း (၅) အင်္ဂုတ္တရနိကာယ
## ကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၈။ သစ်ပင်လေးမျိုးနှင့်တူသော ပုဂ္ဂိုလ်လေးမျိုးတို့ကို စတုက္ကနိပါတ် ရုက္ခသုတ္တန်အရ လိုရင်းထိမိစေလျက် အကျဉ်းချုပ် ရေးသားပြီး၊ လင်းပိုင်ဘေးဟူသည် အဘယ်နည်း? ဦမိဘယသုတ္တန်ရှုကာ လိုရင်းမျှ ဖြေဆိုပါ။

၈။ အဖြေ==

(၁) မိမိကိုယ်တိုင်လည်း သီလမရှိ မကောင်းသောကိုယ်ကျင့်တရားရှိ၍ သီလမရှိ မကောင်းသော ကိုယ်ကျင့်တရားရှိသော ပရိသတ်အခြံအရံရှိသော အကာသာဖြစ်၍ အကာအခြံအရံရှိသောလူ။

(၂) မိမိကိုယ်တိုင်က သီလမရှိ မကောင်းသောကိုယ်ကျင့်တရားရှိ၍ သီလရှိ ကိုယ်ကျင့်တရားကောင်းသော ပရိတ်သတ် အခြံအရံရှိသော အကာဖြစ်၍ အနှစ်အခြံအရံရှိသောလူ။

(၃) မိမိကိုယ်တိုင်က သီလရှိ ကိုယ်ကျင့်တရားကောင်း၍ သီလမရှိ ကိုယ်ကျင့်တရားမကောင်းသော ပရိသတ်အခြံအရံရှိသော အနှစ်ဖြစ်၍ အကာအခြံအရံသောလူ။

(၄) မိမိကိုယ်တိုင်က သီလရှိ ကိုယ်ကျင့်တရားကောင်း၍ သီလရှိ ကိုယ်ကျင့်တရားကောင်းသော ပရိသတ်အခြံအရံရှိသော အနှစ်ဖြစ်၍ အနှစ်ရှိသောပရိသတ်ခြံရံသောလူ။ (အံ ၁-၄၂၅) (၈-မှတ်)

လင်းပိုင်ဘေးဟူသည်-- မိန်းမဘေးဖြစ်သည်။ (အံ ၁-၄၄၁) (၂-မှတ်)

---

CamScanner

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၉။ ချစ်ခြင်းကြောင့် မုန်းခြင်းဖြစ်ပုံကို ရေးသားပြီး၊ စေတီတည်ထိုက်သူ ၄-မျိုး, ဉာဏ်ပညာကြီးမားကြောင်း ၄-မျိုးတို့ကို လည်း စတုက္ကနိပါတ် အာပတ္တိဘယဝဂ်လာအတိုင်း ထုတ်ပြပါ။

၉။ အဖြေ==

ချစ်ခြင်းကြောင့် မုန်းခြင်းဖြစ်ပုံ--

မိမိလိုလား ချစ်ခင် မြတ်နိုးသောသူကို အခြားသူတို့က မလိုလား မချစ်ခင် မြတ်နိုးဖွယ်ဖြစ်သော စကားတို့ဖြင့် ပြောဆိုကြသော အခါ၌ ``မိမိချစ်ခင် မြတ်နိုးသောသူကို မချစ်ခင်မလိုလား မမြတ်နိုးအပ်သော စကားတို့ဖြင့် ပြောကြလေခြင်း`` ဟု နှလုံးသွင်း၍ ထိုပြောဆိုကြသော ပုဂ္ဂိုလ်တို့၌ မုန်းခြင်းဖြစ်သည်၊ ဤသို့လျှင် ချစ်ခြင်းကြောင့် မုန်းခြင်းဖြစ်လာသည်။
(အ ၁-၅၃၃) (၃-မှတ်)

စေတီတည်ထိုက်သူ(၄)မျိုး ·

(၁) သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ (၂) ပစ္စေကဗုဒ္ဓါ၊

(၃) မြတ်စွာဘုရားတပည့် ရဟန္တာ၊ (၄) စကြာဝတေးမင်း။ (၃-မှတ်)

ဉာဏ်ပညာကြီးမားကြောင်းတရား (၄)ပါး--

(၁)သူတော်ကောင်းကို ပေါင်းသင်းခြင်း၊

(၂) သူတော်ကောင်းတရားကို နာယူခြင်း၊

(၃) ကုသိုလ်ဖြစ်ရန် နှလုံးသွင်းတတ်ခြင်း၊

(၄) လောကုတ္တရာတရားအားလျော်သော သီလ သမထ ဝပဿနာ အကျင့်တရားကို ကျင့်ခြင်း။(အံ ၁-၅၆၇) (၄-မှတ်)

---

## အုပ်စု (၅) အင်္ဂုတ္တရနိကာယ
## ကေ+ဒုက+တိက+စတုက္ကနိပါတ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၀၊ အောက်ပါသုတ္တန်တို့ကို ဟောကြားတော်မူရာ အရပ်ဌာနတို့ကို ဖြေဆိုပါ။

(က) ဂေါတမကစေတီယသုတ်၊

(ခ) ကဇ္ဇဝိယသုတ်၊

(ဂ) အနုပုဒ္ဓသုတ်၊

(ဃ) ဒေါဏသုတ်၊

(င) ဝပ္ပသုတ်။

၁၀။ အဖြေ=

(က) ဝေသာလီမြို့ ဂေါတမကစေတီနတ်ကွန်း။ (အံ ၁-၂၈၀)

(ခ) ဗာရာဏသီ၊ ဣသိပတနမိဂဒါဝုန်တော။ (အံ၁-၂၈၃)

(ဂ) ဝဇ္ဇီတိုင်း၊ ဘဏ္ဍာရွာ။ (အံ ၁-၃၀၇)

(ဃ) ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့တို့၏အကြား။ (အံ ၁-၃၄၇)

(င) သက္ကတိုင်း ကပိလဝတ်မြို့၊ နိဂြောဓာရုံကျောင်း။ (အံ ၁-၅၁၇) (၂-မှတ်စီ၊ ၁၀-မှတ်)

CamScanner

၂၀၁၉ (၁၃၈၁) ခုနှစ် ပိဋကသုံးပုံမြန်မာပြန် စာမေးပွဲ

အင်္ဂုတ္တိုရ်ပါဠိတော်(ပထမအုပ်)မေးခွန်းနှင့်အဖြေ

မေး။ ၁။ ဥပမာပြ၍ မရနိုင်လောက်အောင် အလွန်လျင်မြန်သောတရားကို ဖြေဆို၍၊ (က) ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့ရ ရဟန်းနှင့် ရဟန်းမတို့၏အမည်၊ (ခ) ရတနာသုံးပါးကို မလှုပ်မယိုင်ကြည်ညိုသောအရာ၌ တေဒဂ်ဘွဲ့ရသော ဥပါသကာ နှင့် ဥပါသိကာတို့၏အမည်တို့ကို ဖော်ပြပြီး၊ အမျိုးသမီးဘဝဖြင့် မရရှိနိုင်သော ပုဂ္ဂိုလ်သရုပ်ကိုလည်း ထုတ်ပြပါ။

ဖြေ။ ၁။ ဥပမာပြ၍ မရနိုင်လောက်အောင် အလွန်လျင်မြန်သောတရား=စိတ်ဖြစ်ပါသည်။ (အံပါ-၁/နှာ-၉) (၁)မှတ်

(က) ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့ရ ရဟန်း၏အမည်= အရှင်အနုရုဒ္ဓါ။ (အံပါ-၁/နှာ-၂၃)
ဒိဗ္ဗစက္ခုအဘိညာဉ်အရာ၌ တေဒဂ်ဘွဲ့ရ ရဟန်းမ၏အမည်=အရှင်မ ဗကုလာ။ (အံပါ-၁/နှာ-၂၆) (၂)မှတ်

(ခ) ရတနာသုံးပါးကို မလှုပ်မယိုင်ကြည်ညိုသောအရာ၌ တေဒဂ်ဘွဲ့ရသော ဥပါသကာ အမည်-သူရမ္ဗဋ္ဌ ဥပါသကာ။ (အံပါ-၁/နှာ-၂၇)
ရတနာသုံးပါးကို မလှုပ်မယိုင်ကြည်ညိုသောအရာ၌ တေဒဂ်ဘွဲ့ရသော ဥပါသိကာအမည်-ကာတိယာနီ ဥပါသိကာ။ (အံပါ-၁/နှာ-၂၈) (၂)မှတ်

<u>အမျိုးသမီးဘဝဖြင့် မရရှိနိုင်သောပုဂ္ဂိုလ်သရုပ်-</u>

သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ စကြဝတေးမင်း၊ သိကြားမင်း၊ မာရ်နတ်၊ မဟာဗြဟ္မာမင်း။(အံပါ-၁/နှာ- ၃၀၊နိသျ-၁/၈၁)) (၅)မှတ်

မေး။ ၂။ သံယောဇဉ်ဆယ်ပါးတို့၏ အစီးအပွားဖြစ်ကုန်သော တေဘူမကတရားတို့၌ သာယာဖွယ်အနေဖြင့် ရှု၍ နေသောပုဂ္ဂိုလ်ကို အဘယ်ကဲ့သို့သောပုဂ္ဂိုလ်ဟု ဘုရားရှင်ဟောတော်မူသည်ကို ဒုကနိပါတ် ရှုကာ ဖြေဆိုပြီး၊ ဘုရင်, ပုဏ္ဏား, သူကြွယ် အချင်းချင်း ငြင်းခုန်ကြခြင်းနှင့် ရဟန်းအချင်းချင်း ငြင်းခုန်ကြခြင်းအကြောင်းတို့ကို အာရာမဒဏ္ဍပုဏ္ဏားအား အရှင် ကစ္စည်းထေရ် ဟောတော်မူသည့်အတိုင်း ဖော်ပြပါ။

CamScanner

ဖြေ။ ၂။ သံယောဇဉ်ဆယ်ပါးတို့၏ အစီးအပွားဖြစ်ကုန်သော တေဘူမကတရားတို့၌ သာယာဖွယ်အနေဖြင့် ရှု၍နေသော ပုဂ္ဂိုလ်ကို အဘယ်ကဲ့သို့ သော ပုဂ္ဂိုလ်ဟု ဘုရားရှင်ဟောတော်မူပုံ-

ရာဂကို မပယ်စွန့်နိုင်၊ ဒေါသကို မပယ်စွန့်နိုင်၊ မောဟကို မပယ်စွန့်နိုင်၊ ရာဂမပယ်စွန့်ခြင်းကြောင့်, ဒေါသ မပယ်စွန့်ခြင်းကြောင့်, မောဟကို မပယ်စွန့်ခြင်းကြောင့် ဘဝဖန်ခါ ခန္ဓာအသစ် ထပ်တလဲလဲဖြစ်ခြင်းမှလည်းကောင်း, ခန္ဓာဟောင်းမြင်း ရင့်ရော်ခြင်းမှလည်းကောင်း, ခန္ဓာပျက်ယွင်း သေလွန်ခြင်းမှလည်းကောင်း, ဝမ်းနည်းပူဆွေးခြင်းတို့မှ လည်းကောင်း, ငိုကြွေးမြည်တမ်းခြင်းတို့မှလည်းကောင်း, ကိုယ်ဆင်းရဲခြင်းတို့မှလည်းကောင်း, စိတ်ဆင်းရဲခြင်းတို့မှ လည်းကောင်း, ပြင်းစွာပင်ပန်းခြင်းတို့မှလည်းကောင်း မလွတ်မြောက်နိုင်၊ ဝဋ္ဋဒုက္ခအားလုံးမှ မလွတ်မြောက်နိုင်သူဟူ၍ ဘုရားရှင်မိန့်တော်မူပါသည်။ (အံပါ- ၁-နာ/၅၂၊ နိသျ-၁-နာ/၁၃၀)(၄)မှတ်

<u>ဘုရင်, ပုဏ္ဏား, သူကြွယ် အချင်းချင်း ငြင်းခုန်ကြခြင်း အကြောင်း-</u>

ကာမရာဂ၏ လွှမ်းကဲစွာ ဝင်ရောက်ခြင်း, ကာမရာဂ၏ဖွဲ့တုပ်ချည်နှောင်ခြင်း, ကာမရာဂ၌ ငြိကပ်နစ်ဝင်နေ ခြင်း, ကာမရာဂ၏ထကြွသောင်းကျန်းခြင်း, ကာမရာဂ၏ဝါးမျိုချလိုက်သကဲ့သို့ အာရုံကို အပြီးသတ်ဖမ်းချုပ်ယူငင်ခြင်း ဟူသောအကြောင်းကြောင့် ဘုရင်, ပုဏ္ဏား, သူကြွယ် အချင်းချင်း ငြင်းခုန်ကြခြင်း ဖြစ်ပါသည်။ (အံပါ- ၁-နာ/၆၇၊ နိသျ-၁-နာ/၁၆၉) (၃)မှတ်

ရဟန်းအချင်းချင်း ငြင်းခုန်ကြခြင်းအကြောင်း-

ဒိဋ္ဌိရာဂ၏ လွှမ်းကဲစွာ ဝင်ရောက်ခြင်း, ဒိဋ္ဌိရာဂ၏ဖွဲ့တုပ်ချည်နှောင်ခြင်း, ဒိဋ္ဌိရာဂ၌ ငြိကပ်နစ်ဝင်နေခြင်း, ဒိဋ္ဌိ ရာဂ၏ထကြွသောင်းကျန်းခြင်း, ဒိဋ္ဌိရာဂ၏ဝါးမျိုချလိုက်သကဲ့သို့ အာရုံကို အပြီးသတ်ဖမ်းချုပ်ယူငင်ခြင်း ဟူသော အကြောင်းကြောင့် ရဟန်းအချင်းချင်း ငြင်းခုန်ကြခြင်း ဖြစ်ပါသည်။(အံပါ- ၁-နာ/၆၇၊ နိသျ-၁-နာ/၁၆၉)(၃)မှတ်

---

မေး။ ၃။ လူမိုက်၏ အမှတ်လက္ခဏာ(၃)မျိုးကို ဖော်ပြ၍၊ 'ပညာရှိ' ဟု သိနိုင်သောအကြောင်းအင်္ဂါ (၃)မျိုးတို့ကို အစွယသုတ်, အယောနိသောသုတ်တို့အလို အသီးသီး ဖြေဆိုပါ။

ဖြေ။ ၃။ လူမိုက်၏ အမှတ်လက္ခဏာ(၃)မျိုး-

(၁) အဘိဇ္ဈာစသည်တို့သည် ဖျက်ဆီးအပ်သော အကြံဆိုးကိုသာ ကြံစည်တတ်ခြင်း၊

(၂) လောဘစသည်တို့သည် ဖျက်ဆီးအပ်သော မုသာဝါဒစသောပြောဖွယ်စကားကို ပြောဆိုတတ်ခြင်း၊

CS CamScanner

(၃) မကောင်းသဖြင့် ပြုလုပ်အပ်သော ပါဏာတိပါတစသော အလုပ်ကိုသာ ပြုလုပ်တတ်ခြင်း။
(အံပါ- ၁-နှာ/၁၀၀၊ နိသျ-၁-နှာ/၂၂၅) (၃)မှတ်

<u>အစွယသတ်အလို-'ပညာရှိ' ဟု သိနိုင်သောအကြောင်းအင်္ဂါ (၃)မျိုး-</u>

(၁)မိမိအပြစ်ကို အပြစ်အနေအားဖြင့် မြင်ခြင်း၊
(၂)မိမိအပြစ်ကို အပြစ်အနေအားဖြင့် မြင်ပြီး၍လည်း တရားသဘောအတိုင်း ကုစားခြင်း၊
(၃)အပြစ်ကို ဖွင့်ဟဝန်ခံတောင်းပန်သော သူတပါးအား တရားသဘောအတိုင်း လက်ခံခြင်း
(အံပါ- ၁-နှာ/၁၀၁၊ နိသျ-၁-နှာ/၂၂၆) (၃)မှတ်

<u>အယောနိသောသုတ်တို့အလို 'ပညာရှိ' ဟု သိနိုင်သောအကြောင်းအင်္ဂါ (၃)မျိုး-</u>

(၁)သင့်လျော်သောအကြောင်းအားဖြင့် အမေးပုစ္ဆာပြဿနာကို ကြံစည်ပြုလုပ်တတ်ခြင်း၊
(၂)သင့်လျော်သောအကြောင်းအားဖြင့် အမေးပုစ္ဆာပြဿနာကို ဖြေဆိုတတ်ခြင်း၊
(၃)သင့်လျော်သောအကြောင်းအားဖြင့် ဖြေဆိုအပ်သောအမေးပုစ္ဆာပြဿနာကို ပြည့်ဝညီညာ ပီသစွာကုန်သော ပြေပြစ်ညက်ညော ချောမေကုန်ေ အကြောင်းအကျိုးသို့ကပ်ရောက်ကုန်သော ပုဒ်ဗျည်းတို့ဖြင့် နှစ်သက်ဝမ်း မြောက်တတ်ခြင်း။(အံပါ- ၁-နှာ/၁၀၁-၁၀၂၊ နိသျ-၁-နှာ/၂၂၇) (၄)မှတ်

မေး။ ၄။ အဘယ်ပုဂ္ဂိုလ်ကို လျှပ်စစ်နှင့်တူသောစိတ်ရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်သည်ကို ဥပမာ, ဥပမေယျ ပေါ်လွင်အောင် ဖြေဆို၍၊ လဆန်းလဆုတ်ဖြစ်သော ရှစ်ရက်ဥပုသ်နေ့တို့၌ လူပြည်သို့ စုံစမ်းရန် ရောက်လာသော နတ်တို့ကို ဖော်ပြပြီး၊ ယင်းနတ်တို့၏ စုံစမ်းလိုသော အကြောင်းအရာတို့ကိုလည်း တင်ပြပါ။

ဖြေ။ ၄။ <u>လျှပ်စစ်နှင့်တူသောစိတ်ရှိသောပုဂ္ဂိုလ်-</u>
မျက်စိအမြင်ရှိသောယောကျ်ားသည် ညဥ့်အခါ အမြင်စမ်းတမ်း ကန်းသည့်အဖြစ်ကို ပြုတတ်သော အမှောင်မိုက်၌ လျှပ်စစ်ပြက်ဆဲခဏ၌(လျှပ်စီးလက်သောခဏ၌) ရူပါရုံတို့ကို မြင်နိုင်သကဲ့သို့ ထို့အတူသာလျှင် ဤတဏှာမှ တပါးသော တေဘူမကစန္ဒာငါးပါးသည်သာ ဒုက္ခသစ္စာမည်၏ဟု ဟုတ်မှန်စွာ ထိုးထွင်း၍ သိ၏၊ ဤတဏှာသည်သာ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာမည်၏ဟု ဟုတ်မှန်စွာ ထိုးထွင်း၍ သိ၏၊ ဤနိဗ္ဗာန်သည်သာ ဒုက္ခ၏ ချုပ်ကြောင်း ချုပ်ရာ နိရောဓသစ္စာမည်၏ဟု ဟုတ်မှန်စွာ ထိုးထွင်း၍ သိ၏၊ ဤမဂ္ဂင်ရှစ်ပါးသည်သာ ဒုက္ခ၏ချုပ်ကြောင်း ချုပ်ရာ နိဗ္ဗာန်သို့ သွားရောက်ကြောင်းဖြစ်သော

CS CamScanner

အကျင့်ဖြစ်သော မဂ္ဂသစ္စာမည်၏ဟု ဟုတ်မှန်စွာ ထိုးထွင်း၍ သိ၏၊ ဤ(သစ္စာလေးပါး တရားကို သိမြင်သော အောက်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ဟူသော) ပုဂ္ဂိုလ်ကို လျှပ်စစ်နှင့်တူသော စိတ်ရှိသောပုဂ္ဂိုလ်ဟု ခေါ်ပါသည်။(အံပါ- ၁-နာ/၁၂၂၊ နိသျ-၁-နာ/၁၈၁-၂၆၅) (၄)မှတ်

လဆန်းလဆုတ်ဖြစ်သောရှစ်ရက်ဥပုသ်နေ့တို့၌ လှည့်ပြည်သို့
စုံစမ်းရန်ရောက်လာသောနတ်တို့ကား-

လေးယောက်သောနတ်မင်းကြီးတို့၏ အခြွေအရံနတ်ပရိသတ်တွင် အပါအဝင်ဖြစ်ကုန်သော အပါးတော်မြဲနတ်ကြီးတို့ ဖြစ်ပါသည်။ (၂)မှတ်

ယင်းနတ်တို့၏ စုံစမ်းလိုသောအကြောင်းအရာတို့ကား-

'အဘယ်သို့နည်း များစွာကုန်သောလူတို့သည် လူတို့၌ မိခင်၏အကျိုးစီးပွားကို ဆောင်ရွက်ကုန်သည် ဖခင်၏အကျိုးစီးပွားကို ဆောင်ရွက်ကုန်သည် ရဟန်းတို့၏အကျိုးစီးပွားကို ဆောင်ရွက်ကုန်သည် ရဟန္တာတို့၏ အကျိုးစီးပွားကို ဆောင်ရွက်ကုန်သည်အမျိုး၌ ကြီးသောသူတို့ကို ရိုသေကုန်သည် ဖြစ်ကြပါကုန်၏လော၊ ဥပုသ်သီလကို စောင့်ထိန်းကြပါကုန်၏လော၊ ဥပုသ်အကြို, အပိုဆင့်ပွား နိုးနိုးကြားကြား စောင့်ထိန်းကြပါကုန်၏လော၊ တခြားသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြပါကုန်၏လော- ဟူသောအကြောင်းများကို သိလို၍ စုံစမ်းကြပါသည်။

(အံပါ- ၁-နာ/၁၄၁၊ နိသျ-၁-နာ/၃၁၁) (၄)မှတ်

မေး။ ၅။ အင်အားကောင်းသော ခိုးသားဓားပြကြီး၏ ရှုပ်ထွေးထူထပ်သော အရပ်ကို မှီခိုပုန်းအောင်းပုံနှင့် ယုတ်မာသော ရဟန်း၏ ရှုပ်ထွေးသော အကုသိုလ်ကို မှီပုံတို့ကို ဖြေဆိုပါ။

ဖြေ။ ၅။ <u>အင်အားကောင်းသော ခိုးသားဓားပြကြီး၏ ရှုပ်ထွေးထူထပ်သောအရပ်ကို မှီခိုပုန်းအောင်းပုံ-</u>

ဤလောက၌ အင်အားကောင်းသောခိုးသားဓားပြကြီးသည်
ရှုပ်ထွေးထူထပ်သောမြက်တောကို သော်လည်းကောင်း,
ရှုပ်ထွေးထူထပ်သောသစ်တောကိုသော်လည်းကောင်း, အကိုင်းအခက် ရောယှက်ပူးကပ် သစ်ပင်ချင်းစပ်၍ ထူထပ်လှသော ကြီးစွာသောတောအုပ်ကိုသော်လည်းကောင်း မှီခိုပုန်းအောင်းနေ၏၊ ဤသို့ သောအခြင်းအရာအားဖြင့်
အင်အားကောင်းသောခိုးသားဓားပြကြီးသည် ရှုပ်ထွေးထူထပ်သောအရပ်ကို မှီခိုပုန်းအောင်းပါသည်။(အံပါ- ၁-နာ/၁၅၂၊ နိသျ-၁-နာ/၃၃၆) (၅)မှတ်

CamScanner

ယုတ်မာသောရဟန်း၏ ရှုပ်ထွေးသောအကုသိုလ်ကို မှီပုံ-

ဤသာသနာတော်၌ ယုတ်မာသောရဟန်းသည် များယွင်းသောအယူရှိသည် ဖြစ်၍၊ သဿတနှင့် ဥစ္ဆေဒဟူသောအဖို့အစွန်းတဖက်ဖက်ကို ဆုပ်ကိုင်ယူငင်တတ်သော မိစ္ဆာအယူနှင့် ပြည့်စုံသည် ဖြစ်၏၊ ဤသို့လျှင် ယုတ်မာသောရဟန်း၏ ရှုပ်ထွေးသောအကုသိုလ်ကို မှီပါသည်။(အံပါ- ၁-နှာ/၁၅၃၊ နိသျ-၁-နှာ/၃၃၈) (၅)မှတ်

မေး။ ၆။ ဘုရားရှင်ဟောတော်မူသော အမိနှင့်သား အချင်းချင်းအကူအညီမပေးနိုင်လောက်အောင် ကြီးမားဆိုးရွားလှသောဘေး ကြီး(၃)မျိုးကို ဖော်ပြ၍၊ ယင်း(၃)မျိုးတို့တွင် ပထမဆုံးဘေးကြီး၏ အမိနှင့်သား အချင်းချင်းအကူအညီမပေးနိုင်လောက်အောင် ကြီးမားဆိုးရွားလှပုံကို ဖြေဆိုပြီး၊ ယင်းဘေးကြီးတို့မှ လွတ်မြောက်နိုင်ကြောင်း နည်းလမ်းကောင်းကိုလည်း ထုတ်ပြပါ။

ဖြေ။ ၆။ ဘေး ကြီး(၃)မျိုး-

(၁)ဇရာဘေး၊(အိုခြင်းကိုစွဲ၍ဖြစ်သောကြောက်ရွံ့ခြင်း)၊

(၂)ဗျာဓိဘေး(မကျန်းမမာ နာခြင်းကို စွဲ၍ဖြစ်သောကြောက် ရွံ့ခြင်း)၊

(၃)မရဏဘေး(သေခြင်းကို စွဲ၍ဖြစ်သောကြောက်ရွံ့ခြင်း)။ (၃)မှတ်

ယင်း(၃)မျိုးတို့တွင် ပထမဆုံးဘေးကြီး၏ အမိနှင့်သား အချင်းချင်းအကူအညီမပေးနိုင်လောက် အောင် ကြီးမားဆိုးရွားလှပုံ-

မိခင်သည် အိုမင်းကြီးရင့်နေသောသားကို 'ငါသည်သာ သား၏ကိုယ်စား အိုချင်ပါ၏၊ ငါ၏ သား သည် မအိုပါစေသတည်း' ဟု ဤသို့တောင့်တ၍ အိုဘေးမှ ကယ်တင်စောင့်ရှောက်ခြင်းငှါ မရနိုင်ပါ၊ သားသည်လည်း အိုမင်းကြီးရင့်နေသောမိခင်ကို 'ငါသည်သာ မိခင်၏ကိုယ်စားအိုချင်ပါ၏၊ ငါ၏မိခင်သည် မအိုပါစေသတည်း'ဟု ဤသို့ တောင့်တ၍ အိုဘေးမှ ကယ်တင်စောင့်ရှောက်ခြင်းငှါ မရနိုင်ပါ၊ ဤသို့လျှင် အမိနှင့်သား အချင်းချင်းအကူအညီမပေးနိုင် လောက် အောင် ကြီးမားဆိုးရွားလှပါသည်။(အံပါ- ၁- နှာ/၁၈၀၊ နိသျ-၁-နှာ/၄၀၄) (၄)မှတ်

ယင်းဘေးကြီးတို့မှ လွတ်မြောက်နိုင်ကြောင်း နည်းလမ်းကောင်း-

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ဖြစ်ပါသည်။(အံပါ- ၁- နှာ/၁၈၁၊ နိသျ-၁-နှာ/၄၀၅) (၃)မှတ်

CamScanner

မေး။ ၇။ မိုဝဲခြင်း၌ ရောင်ရဲခြင်းမရှိသောအရာ(၃)မျိုးကို ဖော်ပြ၍၊ နံနက်ပိုင်းအချိန်၌ 'ကောင်းသောနံနက်ခင်းပါ'ဟု နှုတ်ဆက်တတ်ကြရာ ဘုရားရှင်အလိုတော်ကျ သတ္တဝါတို့၏ ကောင်းသောနံနက်ခင်းအစစ်အမှန်ဖြစ်ဖို့ရာ ပြုကျင့်ရမည့် တရားများကိုလည်း ဖော်ပြပါ။

ဖြေ။ ၇။ မိုဝဲခြင်း၌ ရောင့်ရဲခြင်းမရှိသော အရာ(၃)မျိုး-

(၁)အိပ်ခြင်း၊ (၂)သေရည်,အရက်သောက်ခြင်း၊ (၃)မေထုန်အကျင့်သို့ ရောက်ခြင်း။

(အံ၊ပါ- ၁-နှာ/၂၆၃၊ နိသျ-၁-နှာ/၅၆၈) (၅)မှတ်

ဘုရားရှင်အလိုတော်ကျ သတ္တဝါတို့၏ ကောင်းသောနံနက်ခင်းအစစ်အမှန်ဖြစ်ဖို့ရာ ပြုကျင့်ရမည့် တရားများ-

သတ္တဝါတို့သည် နံနက်အခါ၌ ကိုယ်ဖြင့် (ကာယဒွါရဖြင့်) သုစရိုက်ကုသိုလ်တရားကို(ကောင်းစွာကျင့်အပ် သောကုသိုလ်ကာယကံသုံးပါးကို) ကျင့်ကြကုန်ခြင်း၊ နှုတ်ဖြင့်(ဝစီဒွါရဖြင့်) သုစရိုက်ကုသိုလ်တရားကို(ကောင်းစွာကျင့်အပ်သောကုသိုလ်ဝစီကံလေးပါးကို) ကျင့်ကြကုန်ခြင်း၊ စိတ်ဖြင့် (မနောဒွါရဖြင့်)သုစရိုက်ကုသိုလ်တရားကို(ကောင်းစွာ ကျင့်အပ်သောကုသိုလ်မနောကံသုံးပါးကို) ကျင့်ကြကုန်ခြင်း။(အံ၊ပါ- ၁-နှာ/၂၉၈၊ နိသျ-၁-နှာ/၆၂၇) (၅)မှတ်

မေး။ ၈။ အမြတ်ဆုံးဟု ပြောဆိုသတ်မှတ်ပညတ်နိုင်သော ပုဂ္ဂိုလ်(၄)မျိုးကို မြတ်သောအရာဌာနနှင့်တကွ တွဲစပ်ဖော်ပြ၍၊ ဝဿ ကာရပုဏ္ဏားတို့အလို 'ကြီးသောပညာရှိသောယောကျ်ားမြတ်'ဟု ခေါ်ဝေါ်ပညတ်နိုင်ရန် ပြည့်စုံရမည့် အင်္ဂါ(၄)မျိုးတို့တွင် ရှေ့ဆုံးအင်္ဂါ(၂)မျိုးကိုလည်း ထုတ်ပြပါ။

ဖြေ။ ၈။ အမြတ်ဆုံးဟု ပြောဆိုသတ်မှတ်ပညတ်နိုင်သောပုဂ္ဂိုလ်(၄)မျိုး-

(၁) ကြီးမားသော ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါတို့တွင် သာလွန်ထူးမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သော ရာဟု မည်သော အသုရိန်(အသုရာနတ်ဘုရင်မင်း)၊ (၁)မှတ်

(၂) ကာမဂုဏ်စည်းစိမ်ကို ခံစားသောလူတို့တွင် သာလွန်ထူးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သော မန္ဓာတုမည် သော စကြဝတေးမင်း၊

(၃) အကြီးအကဲအရာဌာနကို ပြုလုပ်သူတို့တွင် သာလွန်ထူးကဲသောပုဂ္ဂိုလ်ဖြစ်သော ယုတ်မာသော သဘောရှိသောမာရ်နတ်၊

(၄) အောက်ကာမာဝစရနတ်ပြည်ငါးထပ်ရှိနတ်အပေါင်းနှင့်လည်းတကွဖြစ်သော မာရ်မင်းအမျိုးထား

ဝဿဝတ္တိဘုံသားနတ်အပေါင်းနှင့်လည်းတကွဖြစ်သောနစ်ဆယ်သောပြဟ္မာအပေါင်းနှင့်လည်း တကွ ဖြစ်သော ဩကာသလောကတွင်လည်းကောင်း၊ သမဏ, ဗြာဟ္မဏတို့နှင့်လည်းတကွဖြစ်သော သမ္မုတိနတ် တည်းဟူသောလူမင်း,ထိုလူမင်းနှင့် သမဏ, ဗြာဟ္မဏတို့မှ ကြွင်းကျန်သော လူတို့နှင့်လည်းတကွဖြစ်သော သတ္တဝါအပေါင်းတွင်လည်းကောင်း မြတ်စွာဘုရား။(အံပါ- ၁-နှာ/၃၂၄၊ နိသျ-၂-နှာ/၄၃) (၃)မှတ်

ဝဿကာရပုဏ္ဏားတို့အလို ကြီးသောပညာရှိသောယောက်ျားမြတ်ဟု ခေါ်ဝေါ်ပညတ်နိုင်ရန် ပြည့်စုံ ရမည့် အင်္ဂါ(၄)မျိုးတို့တွင် ရှေ့ဆုံးအင်္ဂါ(၂)မျိုး-

(၁) ထိုထိုကြားနာသင်ယူထားအပ်သောအတတ်ပညာအားဖြင့်ပင် များသောအကြားအမြင် အတတ် ပညာရှိခြင်း၊

(၂) 'ဤသည်ကား ဤပြောဆိုအပ်သောစကား၏ အနက်အဓိပ္ပါယ်တည်း၊ ဤသည်ကား ဤပြောဆို အပ်သော စကား၏ အနက်အဓိပ္ပါယ်တည်း'ဟု ထိုထိုပြောဆိုအပ်သောစကား၏ပင်လျှင် အနက်အဓိပ္ပါယ် ကို သိခြင်း။(အံပါ- ၁-နှာ/၃၄၄၊ နိသျ-၂-နှာ/၁၀၁) (၄)မှတ်

**မေး။ ၉။** ဘုရားရှင်သည် အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံခါနီးအချိန်ဝယ် မေးတော်မူသောအခါ ရဟန်းတစ်ပါးမျှ ဘုရား,တရား, သံဃာ,အရိယာမဂ်,အကျင့်တို့၌ ယုံမှားသံသယ မဖြစ်ရခြင်း အကြောင်းကို ရေးသား၍၊ မကြံစည်အပ်, မကြံစည်ကောင်းကုန်သော အကြောင်းအရာ (၄)မျိုးကို ဖော်ပြပြီး၊ ယင်း(၄)မျိုးကို ကြံစည်သောသူ ရရှိမည့်အကျိုးတရားကို ဖြေဆိုပါ။

**ဖြေ၊ ၉။** ဘုရားရှင်သည် အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံခါနီးအချိန်ဝယ် မေးတော်မူသောအခါ ရဟန်း တစ်ပါးမျှ ဘုရား,တရား, သံဃာ,အရိယာမဂ်,အကျင့်တို့၌ ယုံမှားသံသယမဖြစ်ရခြင်းအကြောင်း-

ဤ(ကန့်လန့်ကာအတွင်း၌ရှိသော)ရဟန်းငါးရာတို့တွင် ဂုဏ်အားဖြင့် နောက်ဆုံးဖြစ်သော ရဟန်းသည် သောတာပန်ပုဂ္ဂိုလ်သည် မိမိကိုယ်ကို အပါယ်လေးပါးတို့၌ ဖောက်ပြန်စွာ ကျရောက်စေတတ်သောသဘောမရှိသူ သည် သောတာပတ္တိမဂ်တည်းဟူသောမွေ့နိယာမဖြင့် အထက်မဂ်ရရန် ကိန်းသေမုချမြဲသောသူသည် အထက်မဂ်သုံးပါးတည်းဟူသောအနောက်ထပ်လားရောက်အပ်သောတရားထူးရှိသူသည် ဖြစ်၏၊ ထိုကြောင့်ပေတည်း။ (အံပါ- ၁-နှာ/၃၉၂၊ နိသျ-၂-နှာ/၁၉၁) (၄)မှတ်

မကြံစည်အပ်, မကြံစည်ကောင်းကုန်သော အကြောင်းအရာ(၄)မျိုး-

CamScanner

(၁) မြတ်စွာဘုရားတို့၏ အရာဌာန၊ (၂)စျာန်အဘိညာဉ်ရရှိသူတို့၏ စျာန်အဘိညာဉ်အရာ၊
(၃) ဒိဋ္ဌဓမ္မဝေဒနီယကံစသောကံတို့၏အကျိုး၊
(၄) လောကတည်နေပုံနှင့်စပ်သောအကြံအစည် (၄)မှတ်

ယင်း(၄)မျိုးကို ကြံစည်သောသူအား ရရှိမည့်အကျိုးတရား-
ရူးသွပ်ခြင်း၏လည်းကောင်း, စိတ်ဆင်းရဲခြင်း၏လည်းကောင်း အဖိုရှိသည် ဖြစ်ရာ၏။
(အံပါ- ၁-နာ/၃၉၂၊ နိသျ-၂-နာ/၁၉၁-၁၉၂) (၂)မှတ်

မေး။ ၁၀။ ရဟန်း,ပုဏ္ဏား,နတ်,ဗြဟ္မာစသော သတ္တလောက၌ တစုံတယောက်သောပုဂ္ဂိုလ်မျှ အာမ,မခံနိုင်သောသဘောတရား (၄)မျိုးတို့တွင် နောက်ဆုံးတရားကို ဖြေဆို၍၊ ချစ်ခြင်း,မုန်းခြင်းတို့ကို ပယ်ပြီးသောရဟန်းကို မည်သို့ ခေါ်ဆိုထိုက်သည်ကို ပေမသုတ်ကို ရှုကာ တင်ပြပါ။

ဖြေ။ ၁၀။ <u>ရဟန်း,ပုဏ္ဏား,နတ်,ဗြဟ္မာစသော သတ္တလောက၌ တစုံတယောက်သော ပုဂ္ဂိုလ်မျှ အာမ,မခံနိုင် သော သဘော တရား(၄)မျိုးတို့တွင် နောက်ဆုံးတရား-</u>

ရှေး၌ မိမိကိုယ်တိုင် ပြုလုပ်အပ်ခဲ့ကုန်သော ယုတ်မာကုန်သော ကြည်လင်နေသောစိတ်ကို ညစ်နွမ်းစေ တတ်ကုန်သော နောက်ထပ်ဘဝအသစ်ကို ဖြစ်စေတတ်ကုန်သော ပူလောင်ခြင်းနှင့်တကွဖြစ်ကုန်သော ဆင်းရဲသော အကျိုးရှိကုန်သော နောင်အခါ၌ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းတို့ကို ထပ်တလဲလဲဖြစ်စေတတ် ကုန်သောအကုသိုလ်ကံတို့၏ အကျိုးသည် မဖြစ်ပါစေနှင့်ဟု အာမခံခြင်းသဘောတရားဖြစ်ပါသည်။(အံပါ- ၁-နာ/၄၉၁

<u>ချစ်ခြင်း,မုန်းခြင်းတို့ကို ပယ်ပြီးသောရဟန်းကို ခေါ်ဆိုထိုက်ပုံ-</u>

ဒိဋ္ဌိ၏အစွမ်းဖြင့် မမြောက်ပင့်ဟူ၍လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားငြင်းခုံသောအားဖြင့် ဆန့်ကျင့်ဘက်မ မြောက်ပင့်ဟူ၍လည်းကောင်း၊ အဇ္ဈတ္တိကတဏှာဝိစရိတ်၏အစွမ်းဖြင့် အခိုးအငွေ့ မမှုတ်ထုတ်ဟူ၍လည်းကောင်း၊ ဗာဟိရတဏှာဝိစရိတ်၏အစွမ်းအားဖြင့် အလျှံတလက်လက်မထွက်ဟူ၍လည်းကောင်း၊ ဝါတကားဟု မောက်ကြွား သောအားဖြင့် အမျိုးမျိုးမတွေးတောဟူ၍လည်းကောင်း ခေါ်ဆိုအပ်ပါသည်။(အံပါ- ၁-နာ/၅၃၅၊ နိသျ-၂-နာ/၄၆၂)
(၅)မှတ်

CamScanner

ရန်ကုန်မြို့
ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၅) အင်္ဂုတ္တရနိကာယ**

**ဧကက ဒုက တိက စတုက္ကနိပါတပါဠိတော် မြန်မာပြန် မေးခွန်း**

၁၃၈၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၇-ရက်၊ (၂၀-၆-၂၀၂၂) တနင်္လာနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ "မကောင်းသဖြင့် ထားအပ်သော သလေးစပါးဆူး" ဟု ဆိုရာ၌ အဘယ်ကဲ့သို့ ထားသည်ကို ဆိုပါသနည်း? ဖြေဆို၍၊ ဧကကနိပါတ် ပမာဒါဒိဝဂ်လာ ပဌမသုတ်၏ အဓိပ္ပါယ်ကို ဘုရားရှင်ဟောတော်မူသည့်အတိုင်း ရေးပြပါ။

၂။ ဧကကနိပါတ် ဧကပုဂ္ဂလဝဂ် နောက်ဆုံးသုတ်၏ အဓိပ္ပါယ်ကို မြတ်စွာဘုရားရှင် ဟောတော်မူသည့်အတိုင်း ပြည့်စုံစွာ ဖြေဆို၍၊ အရှင်အာနန္ဒာ ရရှိသော အမြတ်ဆုံး(ဧတဒဂ်)ဘွဲ့ ၅-ခုကိုလည်း ရေးပါ။

၃။ စွန့်နိုင်ခဲကုန်သော တပ်မက်ခြင်း 'အာသာ' ၂-မျိုးတို့ကို ဖြေဆို၍၊ ဥပါသိကာမတို့တွင် နှိုင်းယှဉ်ရန် စံပြဖြစ်ကုန်သော ဥပါသိကာမတို့ကို ရေးပြပြီးလျှင်၊ အတူတကွ သုံးဆောင်ခြင်း ၂-မျိုးတို့တွင် မြတ်သော အတူတကွ သုံးဆောင်ခြင်းကိုလည်း ဖြေဆိုခဲ့ပါ။

၄။ အဘယ်တို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွါးများရပါသနည်း? ဒုကနိပါတ် ရာဂပေယျာလ လာအတိုင်း အစဉ်တကျ ပြည့်စုံစွာ ရေးပြပါ။

၅။ အဘယ်တရား ၃-မျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်ပါသနည်း? ဗာလဝဂ်, အစ္စယသုတ်နှင့်အညီ ရေးပြ၍၊ အမာဟောင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း? ဥပမာနှင့်တကွ ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၆။ ယမရာဇသုတ်လာ ယမမင်းအား အကြံဖြစ်ပုံကို ပြည့်စုံစွာ ရေးပြ၍၊ အဘယ်အကြောင်း ၃-မျိုးတို့ဖြင့် အားထုတ်ခြင်းကို ပြုအပ်ပါသနည်း? အာတပ္ပကရဏီယ-သုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၇။ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေး ၃-မျိုးတို့ကို မကာကွယ်နိုင်ပုံနှင့်တကွ ရေးပြ၍၊ စူဠနိကာလောကဓာတ်ကိုလည်း ဘုရားဟောအတိုင်း ရေးပြပါ။

၈။ အဘယ်အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်သုံးရသည် မဟုတ်, အဘယ်အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်သုံးရသည်ကို ဗြဟ္မစရိယ-သုတ်လာအတိုင်း ရေးပြ၍၊ သညာ, စိတ်, အယူ၏ ဖောက်ပြန်ခြင်း ၄-မျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ရှိမှု ချမ်းသာဟူသည် အဘယ်နည်း? အာနဏျသုတ်လာအတိုင်း ရေးပြ၍၊ မကြံသင့်, မကြံအပ်သော သဘောတရား ၄-မျိုးတို့ကို ကြံသူ ရရှိနိုင်သော အကျိုးတရားနှင့်တကွ တွဲစပ်ဖြေဆိုခဲ့ပါ။

၁၀။ မိမိအကျိုးစီးပွါးအလို့ငှါလည်းကျင့်, သူတစ်ပါးအကျိုးစီးပွါးအလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်ကို ခိပ္ပနိသန္တိ-သုတ် အလိုကျ ရေးပြ၍၊ ခွန်အားနှင့် ပြည့်စုံသော ရဟန်းကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

**တစ်ပုဒ်လျှင် (၁၀)မှတ်စီ**

CS CamScanner

**၁၃၈၄-ခု၊ ၂၀၂၂-ခု**

**အုပ်စု (၅) ကေကနိပါတ် မှ စတုက္ကနိပါတ်အထိ**

**အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် မေးခွန်း နှင့် အဖြေ**

---

၁။ "မကောင်းသဖြင့် ထားအပ်သော သလေးစပါးဆူး" ဟု ဆိုရာ၌ အဘယ်ကဲ့သို့ ထားသည်ကို ဆိုပါသနည်း? ဖြေဆို၍၊ ကေကနိပါတ် ပမာဒါဒိဝဂ်လာ ပဋ္ဌမသုတ်၏ အဓိပ္ပါယ်ကို ဘုရားရှင်ဟောတော်မူသည့်အတိုင်း ရေးပြပါ။

၁-အဖြေ။

စူးလတ္တံ့သော အခြင်းအရာဖြင့် ဆူးအဖျားကို အထက်သို့ ထောင်မထားခြင်းကို ဆိုသည်။

(၅) မှတ်။ (စာပိုဒ်၊ ၄၁-အောက်ခြေ ရှင်းလင်းချက်)

ရဟန်းတို့ အကြင် အခြံအရံ၏ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ ရဟန်းတို့ အကြင်ပညာ၏ ကြီးပွါးခြင်းသည် ရှိ၏၊ ဤကြီးပွါးခြင်းသည် ကြီးပွါးခြင်းတကာတို့တွင် အမြတ်ဆုံးတည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ''ပညာ၏ ကြီးပွါးခြင်းဖြင့် ကြီးပွါးကုန်အံ့''ဟု နှလုံးသွင်း၍ ကျင့်ရမည်။ ရဟန်းတို့ သင်တို့သည် ဤအတိုင်းသာ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။ (၅) မှတ်။ (စာပိုဒ်၊ ၈၁)

---

၂။ ကေကနိပါတ် ကေပုဂ္ဂလဝဂ် နောက်ဆုံးသုတ်၏ အဓိပ္ပါယ်ကို မြတ်စွာဘုရားရှင် ဟောတော်မူသည့်အတိုင်း ပြည့်စုံစွာ ဖြေဆို၍၊ အရှင်အာနန္ဒာ ရရှိသော အမြတ်ဆုံး(ဧတဒဂ်)ဘွဲ့ ၅-ခုကိုလည်း ရေးပါ။

၂။ အဖြေ။

ရဟန်းတို့ ဤသာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သကဲ့သို၊ ဤအတူ မြတ်စွာဘုရား လည်စေအပ်သော အတု မရှိသော ဓမ္မစက်ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်သော အခြားတစ်ဦးသော ပုဂ္ဂိုလ်ကိုမျှလည်း ငါ မမြင်။ ရဟန်းတို့ သာရိပုတြာသည် မြတ်စွာဘုရား လည်စေအပ်သော အတုမရှိသော ဓမ္မစက် ကို ကောင်းစွာသာလျှင် အတုလိုက်၍ လည်စေနိုင်၏ဟု (မိန့်တော်မူ၏)။

(၅)မှတ်။စာပိုဒ် -၂၁၉)

**အရှင်အာနန္ဒာ ရရှိသော အမြတ်ဆုံး(ဧတဒဂ်)ဘွဲ့ ၅-ခု-**

၁။ အကြားအမြင်များသောရဟန်းတို့တွင် အရှင်အာနန္ဒာသည် အမြတ်ဆုံး (ဗဟုသုတ)ဘွဲ့။

၂။ ဗုဒ္ဓ၏စကားတော်ကိုကြာမြင့်စွာဆောင်ထားနိုင်သောသတိရှိသူရဟန်းတို့တွင်အရှင်အာနန္ဒာသည် အမြတ်ဆုံး (သတိမန္တ) ဧတဒဂ်ဘွဲ့။

၃။ (ဘုရားဟောကြားအပ်သော အလုံးစုံသော ပုဒ်တို့ကို) သိစွမ်းနိုင်သော ပညာရှိသူ ရဟန်းတို့တွင် အရှင်အာနန္ဒာသည် အမြတ်ဆုံး (ဂတိမန္တ) ဧတဒဂ်ဘွဲ့။

၄။ လုံ့လဝီရိယရှိသော ရဟန်းတို့တွင် အရှင်အာနန္ဒာသည် အမြတ်ဆုံး (ဓိတိမန္တ)ဧတဒဂ်ဘွဲ့။

၅။ မြတ်ဗုဒ္ဓ၏အလုပ်အကျွေးဖြစ်သောရဟန်းတို့တွင်အရှင်အာနန္ဒာသည်အမြတ်ဆုံး(ဥပဋ္ဌာက) ဧတဒဂ်ဘွဲ့။ (၅-မှတ်)(စာပိုဒ်-၂၁၉-၂၂၃)

CS CamScanner

၃။ စွန့်နိုင်ခဲကုန်သော တပ်မက်ခြင်း 'အာသာ' ၂-မျိုးတို့ကို ဖြေဆိုရ၍၊ ဥပါသိကာမတို့တွင် နှိုင်းယှဉ်ရန် စံပြဖြစ်ကုန်သော ဥပါသိကာမတို့ကို ရေးပြပြီးလျှင်၊ အတူတကွ သုံးဆောင်ခြင်း ၂-မျိုးတို့တွင် မြတ်သော အတူတကွ သုံးဆောင်ခြင်းကိုလည်း ဖြေဆိုခဲ့ပါ။

၃-အဖြေ

**တပ်မက်ခြင်း 'အာသာ' နှစ်မျိုး-**

လာဘ်ကို တပ်မက်ခြင်း 'အာသာ'လည်းကောင်း၊

အသက်ကို တပ်မက်ခြင်း 'အာသာ'လည်းကောင်းတို့တည်း။ (၄) မှတ်။ (စာပိုဒ်၊ ၁၁၉)

**နှိုင်းယှဉ်ရန်ချိန်ပေ, စံပေဖြစ်ကုန်သော ဥပါသိကာမ**

ခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒသတို့သား၏ မိခင်(၄) မှတ်။ (စာပိုဒ်။ ၁၃၄)

**မြတ်သော အတူတကွ သုံးဆောင်ခြင်း-**

တရားကို အတူ တကွ သုံးဆောင်ခြင်း(၂) မှတ်။ (စာပိုဒ်။ ၁၄၇)

---

၄။ အဘယ်တို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်း၄ါ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ပွါးများရပါသနည်း? ဒုကနိပါတ် ရာဂပေယျာလ လာအတိုင်း အစဉ်တကျ ပြည့်စုံစွာ ရေးပြပါ။

၄-အဖြေ

တပ်မက်ခြင်း 'ရာဂ'ကို- ပြစ်မှားခြင်းကို- တွေဝေခြင်းကို-

အမျက်ထွက်ခြင်းကို- ရန်ငြိုးဖွဲ့ခြင်းကို- သူ့ကျေးဇူးကို ချေဖျက်ခြင်းကို-

အပြိုင်ပြုခြင်းကို- ငြူစူခြင်းကို- ဝန်တိုခြင်းကို-

လှည့်ပတ်ခြင်းကို- စဉ်းလဲခြင်းကို- ခက်ထန်ခြင်းကို-

ခြုပ်ခြယ်ခြင်းကို- ထောင်လွှားခြင်းကို- အလွန်ထောင်လွှားခြင်းကို-

မာန်ယစ်ခြင်းကို- မေ့လျော့ခြင်းကို-ထူးသောဉာဏ်ဖြင့် သိခြင်း၄ါ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းနှစ်မျိုးတို့ကို ပွါးများအပ်ကုန်၏။ (၁၀) မှတ်။ (စာပိုဒ်၊ ၂၃၁-၂၄၆)

---

၅။ အဘယ်တရား ၃-မျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်ပါသနည်း? ဗာလဝဂ်, အစ္စယသုတ်နှင့် အညီ ရေးပြ၍၊ အမာဟောင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း? ဥပမာနှင့်တကွ ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၅-အဖြေ

မိမိအပြစ်ကို အပြစ်အားဖြင့် မရှုခြင်း၊ မိမိအပြစ်ကို အပြစ်အားဖြင့် ရှုသော်လည်းတရား အလျောက် မကုစား၊ သူတစ်ပါးသည် အပြစ်ကို ဝန်ခံ၍ ပြောလာပါလျက်တရားအလျောက် မခံယူ။ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသောသူကို သူမိုက်ဟု သိအပ်ပါသည်။ (၃) မှတ်။ (စာပိုဒ်၊ ၄)

**အမာဟောင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟူသည်**

ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အမျက်ထွက်တတ်၏၊ ပြင်းစွာ ပင်ပန်းခြင်းများ၏၊ အနည်းငယ် ပြောဆိုရုံမျှဖြစ်သော်လည်း ကပ်ငြိတတ်၏၊ အမျက်ထွက်တတ်၏၊ စိတ်နာတတ်၏၊ ခက်ထန်တတ်၏။ အမျက်ထွက်ခြင်းကိုလည်းကောင်း, ပြစ်မှားခြင်းကိုလည်းကောင်း, မနှစ်သက်ခြင်းကိုလည်းကောင်း ထင်စွာပြုတတ်၏၊

**ဥပမာကား -** အမာဟောင်းသည် သစ်သားစဖြင့်သော်လည်းကောင်း၊ အိုးခြမ်းကွဲဖြင့်သော်လည်းကောင်း၊ ထိခိုက်မိသော် လွန်လွန်ကဲကဲ (သွေး ပြည် အရိအရွဲတို့) ယိုထွက်သကဲ့သို့ဖြစ်ပါသည်။ ဤပုဂ္ဂိုလ်ကို အမာဟောင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်ဟု ဆိုအပ်ပါသည်။

(၇)မှတ်။ (စာပိုဒ်၊၂၅)

CS CamScanner

၆။ ယမရာဇသုတ်လာ ယမမင်းအား အကြံဖြစ်ပုံကို ပြည့်စုံစွာ ရေးပြ၍၊ အဘယ်အကြောင်း ၃-မျိုးတို့ဖြင့် အားထုတ်ခြင်းကို ပြုအပ်ပါသနည်း? အာတပ္ပကရဏီယ-သုတ်လာအတိုင်း ဖြေဆိုခဲ့ပါ။

၆-အဖြေ

''အချင်းတို့ လောက၌ အကြင်သူတို့သည် ယုတ်ညံ့သော အမှုတို့ကို ပြုကုန်၏၊ ထိုသူတို့ကို ဤသို့သဘောရှိသော အထူးထူး အပြားပြားသော ကမ္မကရဏာတို့ကို ပြုအပ်ကုန်၏၊ ငါသည် လူ့အဖြစ်ကို ရငြားအံ့၊ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားသည်လည်း ပွင့်တော်မူငြားအံ့၊ ငါသည်လည်း ထိုမြတ်စွာဘုရားကို ဆည်းကပ်ရငြားအံ့၊ ထိုမြတ်စွာဘုရားသည် ငါ့အားတရားဟောငြားအံ့၊ ငါသည် ထို မြတ်စွာဘုရား၏တရားကိုလည်း သိငြားအံ့၊ ဤသို့ဖြစ်သော် ကောင်းလေစွ''တကား''ဟု အကြံဖြစ်ပါသည်။ (၅) မှတ်။ (စာပိုဒ်၊ ၃၇)

**အားထုတ်ခြင်းကို ပြုသင့်သောအကြောင်းများ-**

မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏။

မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏၊

ဖြစ်ပေါ်လာကုန်သော ပြင်းထန်ကုန်, ကြမ်းတမ်းကုန်, ကျင်နာစပ်ရှားကုန်, မသာယာဖွယ်ဖြစ်ကုန်, မနှစ်သက်ဖွယ်ဖြစ်ကုန်, အသက်ကို ဆောင်တတ်ကုန်, ကိုယ်၌ ဖြစ်ကုန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းငှါ အားထုတ်ခြင်းကို ပြုအပ်၏။ ဤအကြောင်းသုံးမျိုးတို့ဖြင့် အားထုတ်ခြင်းကို ပြုအပ်ပါသည်။ (၅) မှတ်။ (စာပိုဒ်။ ၅၀)

---

၇။ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော ဘေး ၃-မျိုးတို့ကို မကာကွယ်နိုင်ပုံနှင့်တကွ ရေးပြ၍၊ စူဠနိကာလောကဓာတ်ကိုလည်း ဘုရားဟောအတိုင်း ရေးပြပါ။

၇-အဖြေ

**ဘေးသုံးမျိုး-** အိုဘေး၊ နာဘေး၊ သေဘေးတို့ဖြစ်ပါသည်။

**မကာကွယ်နိုင်ပုံ-**

အမိသည် ''ငါ အိုပါအံ့၊ ငါ၏ သား မအိုပါစေလင့်''ဟု အိုမင်းသော သားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း ''ငါ အိုပါအံ့၊ ငါ၏ အမိ မအိုပါစေလင့်''ဟု အိုမင်းသော အမိကို ကာကွယ်ခွင့် မရနိုင်။

အမိသည် ''ငါ နာပါအံ့၊ ငါ၏ သား မနာပါစေလင့်''ဟု နာသော သားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း ''ငါ နာပါအံ့၊ ငါ၏ အမိ မနာပါစေလင့်''ဟု နာသော အမိကို ကာကွယ်ခွင့် မရနိုင်။

အမိသည် ''ငါ သေပါအံ့၊ ငါ၏ သား မသေပါစေလင့်''ဟု သေသော သားကို ကာကွယ်ခွင့် မရနိုင်၊ သားသည်လည်း ''ငါ သေပါအံ့၊ ငါ၏ အမိ မသေပါစေလင့်''ဟု သေသော အမိကို ကာကွယ်ခွင့် မရနိုင်။

(၅)မှတ်။ (စာပိုဒ်၊၆၃)

လနေတို့ လှည့်လည်လျက် အရပ်မျက်နှာတို့ ထွန်းလင်းတောက်ပရာ (စကြဝဠာ)တစ်ခု အပိုင်းအခြားကို တစ်ထောင်ဖြင့် မြှောက်ယူရသော လောကသည် ရှိ၏။ ထို လောကဓာတ်တစ်ထောင်၌ လတစ်ထောင် နေတစ်ထောင် မြင်းမိုရ်တောင်မင်းတစ်ထောင် ဇမ္ဗူဒိပ် တောင်ကျွန်းတစ်ထောင် အပရဂေါယာန 'အနောက်' ကျွန်းတစ်ထောင် ဥတ္တရကုရု'မြောက်' ကျွန်းတစ်ထောင် ပုဗ္ဗဝိဒေဟ'အရှေ့' ကျွန်း တစ်ထောင် မဟာသမုဒ္ဒရာလေးထောင် နတ်မင်းကြီးလေးထောင် စာတုမဟာရာဇ်နတ်ဘုံတစ်ထောင့်တာဝတိံသာနတ်ဘုံတစ်ထောင် ယာမာနတ်ဘုံတစ်ထောင် တုသိတာနတ်ဘုံတစ်ထောင် နိမ္မာနရတိနတ်ဘုံ တစ်ထောင် ပရနိမ္မိတဝသဝတ္တီနတ်ဘုံတစ်ထောင် ဗြဟ္မာဘုံတစ်ထောင် ရှိ၏။ ဤလောကဓာတ် ကို တစ်ထောင်ဖြင့် မြှောက်ခြင်းရှိသော စူဠနိကာလောကဓာတ်ဟု ဆိုအပ်ပါသည်။ (၅) မှတ်။ (စာပိုဒ်၊ ၈၀)

CS CamScanner

၈။ အဘယ်အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်သုံးရသည် မဟုတ်, အဘယ်အကျိုးငှါ မြတ်သော အကျင့်ကို ကျင့်သုံးရသည်ကို ဖြဟ္မစရိယ-သုတ်လာအတိုင်း ရေးပြ၍၊ သညာ, စိတ်, အယူ၏ ဖောက်ပြန်ခြင်း ၄-မျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈-အဖြေ

လူအပေါင်းအား အံ့ဩဖွယ် ပြုခြင်းငှါ လူအပေါင်းအား ဖြားယောင်းခြင်းငှါ လာဘ်ပူဇော်သက္ကာ အကျော်အစောဟူသော အာနိသင်အလိုငှါ ထိုထို အကြောင်းဖြင့် ဝါဒဖြန့်ခြင်းငှါ "ငါ့ကို ဤသို့ သဘောရှိ၏"ဟု လူအပေါင်းသိစေခြင်းငှါ မြတ်သောအကျင့်ကို ကျင့်သုံးရသည် မဟုတ်။

စင်စစ်သော်ကား စောင့်စည်းခြင်းငှါ ပယ်စွန့်ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ (ရာဂစသည်တို့) ချုပ်ခြင်းငှါ မြတ်သော အကျင့်ကို ကျင့်သုံးရပါသည်။ (၅) မှတ်။ (စာပိုဒ်၂၅)

'မမြဲသော အရာ၌ မြဲ၏'ဟု / ဆင်းရဲသောအရာ၌ 'ချမ်းသာ'ဟု / အတ္တမဟုတ်သော အရာ၌ အတ္တဟုတ်၏'ဟု/ 'မတင့်တယ်သော အရာ၌ တင့်တယ်၏'ဟု သညာ,စိတ်, အယူ၏ ဖောက်ပြန်ခြင်းတို့ ဖြစ်ပါသည်။ (၅) မှတ်။ (စာပိုဒ်၊ ၄၉)

---

၉။ ရှိမှု ချမ်းသာဟူသည် အဘယ်နည်း? အာနဏျသုတ်လာအတိုင်း ရေးပြ၍၊ မကြံသင့်, မကြံအပ်သော သဘောတရား ၄-မျိုးတို့ကို ကြံသူ ရရှိနိုင်သော အကျိုးတရားနှင့်တကွ တွဲစပ်ဖြေဆိုခဲ့ပါ။

၉-အဖြေ

**ရှိမှု ချမ်းသာဟူသည်-**

ဤလောက၌အမျိုးကောင်းသားအားလက်ရုံးအားကိုးဆည်းပူး၍ချွေးဒီးဒီးကျဖြစ်စေအပ်ကုန်သော၊ တရားနှင့် ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော၊ ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏။ ထိုအမျိုးကောင်းသားသည် "လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော၊ တရားနှင့် ယှဉ်ကုန်သော၊ တရားသဖြင့် ရအပ်ကုန်သော၊ ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ငါ့အား ရှိ၏"ဟု ချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကို ရ၏။ ဤသည်ကို ရှိမှု ချမ်းသာ 'အတ္ထိသုခ'ဟု ဆိုအပ်ပါသည်။ (၅) မှတ်။ (၆၂)

**မကြံသင့်, မကြံအပ်သော သဘောတရားလေးမျိုးတို့ကို ကြံသူ၏ အကျိုးတရားများ**

၁။ မကြံသင့်သော ဘုရားသျှင်တို၏ ဘုရားအရာကို မကြံအပ်၊

၂။ မကြံသင့်သော ဈာန်ရပုဂ္ဂိုလ်၏ ဈာန်အရာကို မကြံအပ်၊

၃။ မကြံသင့်သော ကံအကျိုးကို မကြံအပ်။

၄။ မကြံသင့်သော လောကကို ကြံခြင်းကို မကြံအပ်၊

ယင်းလေးမျိုးတို့ကို ကြံသူသည် ရူးသွပ်ရန် ဆင်းရဲပင်ပန်းရန်သာ ဖြစ်ပါသည်။ (၅)မှတ်။ (စာပိုဒ်၊၇၇)

---

CS CamScanner

၁၀။ မိမိအကျိုးစီးပွါးအလို့ငှါလည်းကျင့်, သူတစ်ပါးအကျိုးစီးပွါးအလို့ငှါလည်း ကျင့်သော ပုဂ္ဂိုလ်ကို ခိပ္ပနိသန္တိ-သုတ် အလိုကျ ရေးပြ၍၊ ခွန်အားနှင့် ပြည့်စုံသော ရဟန်းကိုလည်း ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၁၀-အဖြေ

ဤသာသနာတော်၌အချို့သောပုဂ္ဂိုလ်သည်ကုသိုလ်တရားတို့၌လျင်စွာသိစွမ်းနိုင်၏၊ကြားနာအပ်ပြီးသော တရားတို့ကို ဆောင်နိုင်သော သဘောလည်း ရှိ၏၊ ဆောင်အပ်ပြီးသော တရားတို့၏ အနက်ကိုလည်း ဆင်ခြင်နိုင်၏၊ အနက်ကို သိ၍ ပါဠိကို သိ၍ (လောကုတ္တရာ)တရားအားလျော်သော အကျင့်ကိုလည်း ကျင့်၏။ ကောင်းသော စကားလည်း ရှိ၏၊ ကောင်းသော မြွက်ဆိုသံလည်း ရှိ၏၊ သန့်ရှင်းသော အပြစ်ကင်း၍ ကျပေါက်ခြင်း မရှိသော အနက်ကို သိစေတတ်သော ယဉ်ကျေးသော စကားတို့နှင့်လည်း ပြည့်စုံ၏၊ သီတင်းသုံးဖော်တိုအားလည်း (အကျိုး စီးပွါးကို) သိမြင်စေတတ်၏၊ (တရားကို) ဆောက်တည် စေတတ်၏၊ (တရားကျင့်သုံးရန်) ထက်သန် စေတတ်၏၊ ရွှင်လန်းစေတတ်၏။ ဤသို့လျှင် ပုဂ္ဂိုလ်သည် မိမိအကျိုးစီးပွါးအလို့ငှါလည်းကျင့်၍ သူတစ်ပါး အကျိုးစီးပွါးအလို့ငှါလည်း ကျင့်သည်ဖြစ်ပါသည်။ (၇) မှတ်။ (စာပိုဒ်၊ ၉၇)

**ခွန်အားနှင့် ပြည့်စုံသော ရဟန်း-**

ဤသာသနာတော်၌ရဟန်းသည်အကုသိုလ်တရားတို့ကိုပယ်ရန် ကုသိုလ်တရားတို့ကိုပြည့်စုံစေရန် ထက်သန်သောလုံ့လရှိလျက်နေ၏၊အားအစွမ်းရှိ၏၊မြဲမြံသောအားထုတ်ခြင်းရှိ၏၊ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချထားခြင်း မရှိ။ ဤသို့ ရဟန်းသည် ခွန်အားနှင့် ပြည့်စုံပါသည်။

(၃)မှတ်။(စာပိုဒ်၊၂၅၉)

---


အောင်နိုင်မှုဟာ
ကြီးကျယ်ခမ်းနားလှတယ်။
ဒါပေမဲ့ ကြေးကြီးလှတယ်။
✍️ဗော်လတိုင်ဟာ✍️
✍S.L.V.S.L.K.R(Y.S.O)✍